# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 12 September 2023 ၁၁၂၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ကချင်ပြည်နယ်မှ MSME လုပ်ငန်းဖြစ်သည့် ကချင်ရိုးရာ အထည်ရက်လုပ်ငန်း

ဆောင်းပါး စာမျက်နှာ » ၇

## မကွေးမြို့၌ နှမ်းဆီတစ်ပိဿာ ငွေကျပ် ၄၉၅၀ ဖြင့် ရောင်းချ

**မကွေး စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက မကွေးမြို့ အောင်ဇေယျာရပ်ကွက် ၄ လမ်း၌ ယနေ့ညနေပိုင်းက တစ်ဦးလျှင် နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၄၉၅၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**အလှည့်ကျ ရောင်းချပေး**

အလားတူ မကွေးမြို့ ရန်ပယ်ဈေးနှင့် မြို့ပေါ်ရပ်ကွက်များ၌ ယမန်နေ့နံနက်ပိုင်းမှစ၍ အလှည့်ကျ ဆက်လက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဝင်းမောင်(မကွေး)



### လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များ အရ ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် နောက် ၇၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၁

| | |
|---|---|
| သထုံ | ၄ ဒသမ ၇၇ လက်မ |
| ကျုံပျော် | ၄ ဒသမ ၁၃ လက်မ |
| ဂွ | ၃ ဒသမ ၇၄ လက်မ |
| မင်းပြား | ၃ ဒသမ ၀၄ လက်မ |
| ပဲခူး | ၂ ဒသမ ၉၆ လက်မ |
| ပေါင် | ၂ ဒသမ ၈၇ လက်မ |
| ရေး | ၂ ဒသမ ၇၁ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၇၁ လက်မ |
| မုဒုံ | ၂ ဒသမ ၆၈ လက်မ |
| ညောင်ရွှေ | ၂ ဒသမ ၄၀ လက်မ |

### ယနေ့ ဖတ်စရာ


**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၁/၂၀၂၃)ကျင်းပ** စာမျက်နှာ » ၃

**ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေး မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Services စနစ်ဖြင့် စခန်းများ စတင်ဖွင့်လှစ်ဆောင်ရွက်** စာမျက်နှာ » ၉

**သတင်းတုဟာ ကျွန်တော်တို့ ကုစားလို့မရတဲ့ သတင်းရောဂါတစ်ခုလို့ မမှတ်ယူပါဘူး၊ သတင်းတုတွေဆိုတာ ကမ္ဘာကြီးမှာ ရာစုနှစ်ချီရှိခဲ့တာပါ၊ အဲဒါကြောင့် ကျွန်တော်တို့လုပ်ရမှာက မျှတမှုရှိပြီး သတင်းအတတ်ပညာသုံးတဲ့ သတင်းတွေ ထုတ်ပေးဖို့ပါ** တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**အိပ်မက်တွေက ဈေးကြီးတယ်** ဆောင်းပါး စာမျက်နှာ » ၁၁

# ကြေးမုံ

## ငြိမ်းချမ်းလိုစိတ်ဖြင့် ဒေသအကျိုးသယ်ပိုး

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ပြည်ပမှ(ကူမင်တန်-တရုတ်ဖြူ)ကျူးကျော်မှုရှိခဲ့ပြီး ၎င်းတို့ ဆုတ်ခွာသွားချိန်တွင် လက်နက်ကိုင်သောင်းကျန်းမှုများ အမြစ်တွယ်ကျန်ရစ်ခဲ့သည်။ အလားတူ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) များ ပေါ်ပေါက်လာပြီး ဗကပများ ချုပ်ငြိမ်းသွားသော်လည်း လက်နက်ကိုင်ဆောင်သည့် ပြဿနာများ ယနေ့အချိန်အထိ ဖြစ်ပေါ်နေဆဲဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သော တိုင်းရင်းသားဒေသများတွင် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို လုံခြုံရေးအရ အင်အားဖြည့်ပေးနေသည့် အင်အားစုတစ်ရပ်အဖြစ် ရပ်တည်ခဲ့သည်။ နိုင်ငံချစ်စိတ်ဖြင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် ထမ်းဆောင်နေသော အဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့၏နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရေး ကာကွယ်စောင့်ရှောက်ပေးနေသော အဖွဲ့အစည်းများဖြစ်သည့်အတွက် လေးစားအသိအမှတ်ပြုရမည်ဖြစ်သည်။

ပြည်တွင်း၌ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်းကို ဆန်းစစ်ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ခေတ်အဆက်ဆက်တွင် နိုင်ငံရေးဝါဒအမျိုးမျိုးကွဲလွဲမှုများရှိခဲ့သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးဝါဒနှင့်ပတ်သက်၍ လျော့ပါးသွားခဲ့သည်။ သို့သော် တိုင်းရင်းသားရေးအရ ဖြစ်ပေါ်သည့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ရှိနေပြီး နယ်ချဲ့၏ဆိုးမွေဟု ဆိုရမည်ဖြစ်သည်။

တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို ခွဲဝေပေးထားပြီးဖြစ်သည်။ တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ခွဲခြားမှုမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တွင်လည်း အတိအကျပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဘာသာရေးကိုအကြောင်းပြု၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွတ်တော်လမ်းကြောင်းပေါ်သို့ အားလုံးပါဝင်ရောက်ရှိလာရန်နှင့် လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုကြရန်လိုအပ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်အုပ်ချုပ်ရေးကို ဆောင်ရွက်ရာတွင် ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက ညွှန်ပြထားသည်။ ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကိုအခြေခံသည့် ဖက်ဒရယ်နှင့် ဒေသကိုအခြေခံသည့်ဖက်ဒရယ်ဟူ၍ရှိပြီး ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကိုအခြေခံသည့်ဖက်ဒရယ်စနစ် ကျင့်သုံးကြသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း ဒေသကိုအခြေခံသည့်ဖက်ဒရယ်စနစ်သာလျှင် အသင့်တော်ဆုံးဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားတို့၏အရေးကိုသာ တောင်းဆိုလျက်ရှိပြီး ဒေသအရေးတောင်းဆိုမှု အားနည်းနေသည်ကို တွေ့ရသည်။ တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ဒေသအရေးသည် အဓိကကျပြီး ဒေသတည်ငြိမ်အေးချမ်းပါမှ ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

တိုင်းရင်းသားဒေသများသည် များသောအားဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိပြီး ပို့ကုန်သွင်းကုန်များကို နယ်စပ်ကုန်သွယ်ရေးဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေး၊ စီးပွားရေးအရ အရေးကြီးသောဒေသများဖြစ်သည်။ တိုင်းရင်းသားဒေသများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။ ဒေသတွင်းရှိပြည်သူများအားလုံးသည် အေးချမ်းသာယာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်လိုကြသည်။ ထို့ကြောင့် နယ်မြေဒေသအလိုက် တိုင်းရင်းသားပြည်သူများနှင့်တစ်သားတည်းဖြစ်အောင် ရပ်တည်ရန်လိုအပ်ပြီး ငြိမ်းချမ်းလိုသော စိတ်အရင်းခံဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဝိုင်းဝန်းဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲက တိုက်တွန်းထားသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်ပြီး ငြိမ်းချမ်းရေးအတွက် ရှေးရှုဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုကို ကြိုဆိုရမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးပါဝင်လာကြစေရန်လည်း ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်)မှ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့် ဝန်ထမ်းများက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကညံ့ရုပ်ကွက် ဃောသိတာရာမပါဠိတက္ကသိုလ် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော် ငါးအိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ငါးပိဿာစသည့် လှူဒါန်းဖွယ်ရာပစ္စည်းများကို ဘဒ္ဒန္တ ပညာသာမိ အဂ္ဂမဟာပဏ္ဍိတ ပဓာနနာယကဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၁ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၀၀၀ | ၁,၇၇၁ | ၁၅,၉၂၉,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၂၀၀ | ၂,၀၂၉ | ၆,၃၆၃,၉၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၁၈ | ၁၃၆,၈၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁၄၁ | ၂၃၅,၆၅၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၂၀၀ | ၄၇၀,၀၀၀ |
| EFR | ၂,၂၅၀ | ၂,၃၀၀ | ၅၇၀ | ၁,၂၆၈,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၆ | ၂၉,၃၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၅,၇၉၈ | ၁၀,၄၃၆,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အွန်လိုင်းမှတက်ရောက်ကြသည့် အဖွဲ့ဝင်များ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြသည်။

ဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများအရ လူမှုကွန်ရက်အပါအဝင် နည်းပညာများကို အလွဲသုံးပြီး နိုင်ငံရေး မတည်မငြိမ်ဖြစ်ပေါ်စေရန် လှုံ့ဆော်ဖန်တီးမှုများရှိနေပါကြောင်း၊ လူကုန်ကူးမှုအပါအဝင် ပြစ်မှုကျူးလွန်သူများသည် အွန်လိုင်းမှတစ်ဆင့် ကျူးလွန်လာကြသည်ကို တွေ့မြင်နေရကြောင်း၊ မြန်မာနိုင်ငံသည် အွန်လိုင်းကို အသုံးပြု၍ ငွေကြေးလိမ်လည်မှုဖြစ်စဉ်များတွင် အဓမ္မစေခိုင်းမှုများကို လတ်တလော ရင်ဆိုင်ကြုံတွေ့နေရပြီး အခြားနိုင်ငံသားများလည်း အဆိုပါဖြစ်စဉ်များတွင် ပါဝင်လာသည့်အတွက် တားဆီးထိန်းချုပ်နိုင်ရန် အလေးအနက်ထား ဆောင်ရွက်ရန်လိုကြောင်း။

မြန်မာနိုင်ငံတွင်းသို့ နယ်စပ်ဒေသများမှ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသော နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသက်ဆိုင်ရာသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ဆက်သွယ်မှုလမ်းကြောင်းတို့မှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့် ပတ်သက်၍လည်း ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှု၊ အတင်းအဓမ္မစေခိုင်းမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများနှင့် စပ်လျဉ်းပြီး ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးတွင် သဘောတူညီမှုများအရ မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား စစ်ဆင်ရေးကို ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အခြေပြုဆောင်ရွက်ခဲ့ပြီး အွန်လိုင်းငွေကြေးလိမ်လည်သည့် လုပ်ငန်း (Online Scam) လုပ်ကိုင်နေမှုများနှင့် ပတ်သက်ပြီး စစ်ဆေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် အင်တာပိုလ်(INTERPOL)နှင့် အာဖရိကရဲအဖွဲ့(AFRIPOL)တို့ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ် (Operation FLASH –WEKA)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကို ပြန်လည်သုံးသပ်အကဲဖြတ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငါးနှစ်စီမံကိန်းများချမှတ်ပြီး မျှော်မှန်းရလဒ် ပြည့်မီအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အောင်မြင်မှုအကျိုးရလဒ်တစ်ခုရသည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နှစ်စဉ်ရေးဆွဲသည့် လုပ်ငန်းစီမံချက်များကို ကြည့်လျှင် ၂၀၂၂ ခုနှစ်အတွင်း၌ လုပ်ငန်းစီမံချက်တစ်ခုလုံး၏ ၈၆ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်လုပ်ငန်းစဉ်အားလုံးကို ရာနှုန်းပြည့်အောင် ဆောင်ရွက်နိုင်ရေးနှင့် အကျိုးရလဒ်ရရှိသည်အထိ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအကြား အလေးထားညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ယခုလာမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များအပြင် လူကုန်ကူးမှုတိုက်ဖျက်နှိမ်နင်းမည့် နည်းလမ်းများကို ထည့်သွင်းရေးဆွဲသွားကြရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံသစ်များကို တိုက်ဖျက်ရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အဖွဲ့ဝင်များအနေဖြင့် အကျိုးရလဒ်များ ထွက်ပေါ်လာသည်အထိ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**




## ၂၀၂၃ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးကြည်၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင် ၃၀ တို့က ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွင်းနှင့် အပြင်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုင်းရယ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မိုင်းရယ် စက်တင်ဘာ ၁၁

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မိုင်းရယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို မိုင်းရယ်မြို့ပေါ်ရှိ အထက(မိုင်းရယ်)၊ အလက(မိုင်းရယ်) တို့မှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့စာကြည့်တိုက်ခန်းမတွင်ပြသထားသည့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ မိုးရာသီအတွင်း ဖြစ်ပေါ်လာမည့် ဆိုင်ကလုန်းမုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



မိုင်းရယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီခွဲက ဗန်းမော်မြို့နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်း ဆောင်ရွက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက် ကမ်းနားရှိ ပိုင်ရှင်ဦးရိုး၏ နေမင်းဆီစက်နှင့် ဗန်းမော်ပဲဆီသန့် ရောင်းဝယ်ရေးလုပ်ငန်း၌ တန် ၂၀ ကျ ဆီစက် လည်ပတ်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဗန်းမော်မြို့ သာစည်ရပ်ကွက်အတွင်းရှိ ပိုင်ရှင် ဦးရီခမ်း၊ ဒေါ်အေးငင်းတို့၏ ဗန်းမော်ဒေသထွက် ချဉ်စော်ခါးသီး ထုတ်လုပ်သည့် ရှမ်းမလေးယိုစုံနှင့် ဝိုင်လုပ်ငန်း ဆောင်ရွက်နေသည့်နေရာ၌ ချဉ်စော်ခါးသီးဖြင့် ယိုစုံ ထုတ်လုပ်နေမှုနှင့် အချဉ်ဖောက်၍ ဝိုင်ထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမြင့် ထုတ်ကုန်တစ်ခုအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်တစ်ခုအဖြစ် ရည်ရွယ်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ဖန်ခါးကုန်းအတွင်းရှိ စိန်သုံးလုံးဆန်စက်၌ တန် ၆၀ ကျ ဆန်စက်နှင့် စပါးအခြောက်ခံစက် လည်ပတ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ အဆိုပါရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် နည်းပညာတက္ကသိုလ် အဝင်လမ်း အရှည်ပေ ၁၀၀၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်း သစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့ (၃)မိုင် ရွှေပြည်သာရပ်ကွက်ရှိ စိန်သရဖူဆန်စက်၌ တန် ၁၀၀ ကျ စိန်သရဖူဆန်စက် လည်ပတ်ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဗန်းမော်မြို့သည် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းတို့ဖြင့် ဆက်သွယ်သွားလာနိုင်သည့် ဒေသဖြစ်သည့်အပြင် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် MSME လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်စေခြင်းဖြင့် အချိန်တိုအတွင်း တိုးတက်မှုမြန်ဆန်လာမည့် ဒေသတစ်ခုဖြစ်ကြောင်း ပြောကြားပြီး ထုတ်ကုန်များ အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် နည်းပညာ၊ စက်ကိရိယာများ ပံ့ပိုးကူညီပေးသွားနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက် ဂုဏ်ထူးဆောင်ဟောပြောပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်တို့က ကြီးမှူး၍ (၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများ အဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက်ဂုဏ်ထူးဆောင်ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Grand Aster Villa Hotel ရှိ Jade Ballroom ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ Federation of Engineering Institute of Asia and Pacific (FEIAP)(ဖီးယက်ပ်) အဖွဲ့ဝင် အာရှနှင့် ပစိဖိတ်ဒေသတွင်း အင်ဂျင်နီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ FEIAP(ဖီးယက်ပ်)၏ လက်ရှိ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက အဖွဲ့ဝင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပေးပို့သော Video clip ကိုဖွင့်လှစ်၍ အခမ်းအနားကို စတင်သည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက အဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံ အင်ဂျင်နီယာ ကောင်စီသည် ၂၀၁၆ ခုနှစ်တွင် FEIAP(ဖီးယက်ပ်) အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံရပြီး မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်သည် ၂၀၁၉ ခုနှစ်တွင် FEIAP (ဖီးယက်ပ်)၏ တွဲဖက်အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံခဲ့ရပါကြောင်း၊ အချိန်တိုအတွင်းတွင် (၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆိုင်ရာ အင်ဂျင်နီယာများ အဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက်ဂုဏ်ထူးဆောင်ဟောပြောပွဲအခမ်းအနားကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

FEIAP(ဖီးယက်ပ်)သည် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပံ့ပိုးပေးရန်အတွက် ကောင်းမွန်သော အင်ဂျင်နီယာ အလေ့အကျင့်များကို မြှင့်တင်ရန်နှင့် အာရှနှင့် ပစိဖိတ်ဒေသရှိ အဖွဲ့ဝင်နိုင်ငံများအကြား အင်ဂျင်နီယာဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အကြံဉာဏ်များ ဖလှယ်ခွင့်ရရှိစေရန်ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

အင်ဂျင်နီယာပညာရပ်များတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် ဆောက်လုပ်ရေးလုပ်ငန်း၏ အနာဂတ်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်၍ FEIAP(ဖီးယက်ပ်) အထွေထွေညီလာခံမှ ပံ့ပိုးအကောင်အထည်ဖော်ရန် လိုပါကြောင်း။

ယခုကျင်းပသည့် ညီလာခံနှင့် ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးသည့် ဟောပြောသူ၊ စာတမ်းဖတ်ကြားသူ အင်ဂျင်နီယာများစွာ၏ ကြိုးပမ်းအားထုတ်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် တီထွင်ဆန်းသစ်မှုများအား ဆက်လက်၍ လုပ်ဆောင်ကြရန် တိုက်တွန်းအားပေးလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာညီလှငယ်နှင့် FEIAP(ဖီးယက်ပ်) ဥက္ကဋ္ဌ(ကိုယ်စား) Professor Mr. Huang Wei တို့က အမှာစကားများ ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကျော်မြတ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က (၃၁) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆိုင်ရာ အင်ဂျင်နီယာများ အဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇) ကြိမ်မြောက်ဂုဏ်ထူးဆောင်ဟောပြောပွဲကျင်းပရခြင်းနှင့် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းတင်ပြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**စာတမ်းများ ဖတ်ကြားဆွေးနွေး**

ဆက်လက်၍ ညီလာခံ ဒုတိယပိုင်းကို Diamond Hall 1 ၌ ကျင်းပရာ ညီလာခံသို့တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များ ၊ ကိုယ်စားလှယ်များ၊ စာတမ်းရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ ဟောပြောခြင်း၊ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသည့်ဧည့်သည်တော်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက မြန်မာ့ယဉ်ကျေးမှုအနုပညာဖြင့် ဂုဏ်ပြုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပွဲ မင်းတပ်မြို့၌ ကျင်းပ

**မင်းတပ် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မင်းတပ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မင်းတပ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း၊ အပြင်ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း လွိုင်ကော်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် လွိုင်ကော်မြို့ မိုင်းလုံးရေစက်ရုံသို့ ရောက်ရှိပြီး အဆင့်မြင့်တိုးချဲ့ဆောင်ရွက်နေသော တစ်နေ့လျှင်ရေဂါလန် ၂၅ သိန်းစစ်နိုင်သည့် (Slow Sand Fitter) အနေးသဲရေစစ်ကန် တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အနေးသဲရေစစ်ကန် တည်ဆောက်ရခြင်းနှင့် လုပ်ငန်းများပြီးစီးပါက ပြည်သူများ အကျိုးပြုနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် ပန်းနုံ့သာလမ်း ကျောက်စီရေမြောင်း တည်ဆောက်ခြင်းနှင့် မိုင်းလုံးရွာဟောင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုကို ဖြည့်စွက်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ၁၂ ဖွဲ့အတွက် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြည်နယ်အတွင်း တိုင်းရင်းသားပွဲတော်များ ကာလအလိုက်ကျင်းပသွားမည့်အစီအစဉ်များ၊ ရပ်ရွာအတွင်း လမ်းတံတား လိုအပ်ချက်များနှင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧရာဝတီတိုင်းဒေသကြီးအတွင်း လူမှုကယ်ဆယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ပုသိမ်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာကို အခြေခံပြီး တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးဖြစ်ထွန်းတိုးတက်လာအောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ သင်တန်းဆင်းကျောင်းသူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိကို ဆရာမများက စဉ်ဆက်မပြတ်ဆန်းစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပုသိမ်မူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များ မူကြိုပညာရေး သင်ယူသင်ကြားနေမှုကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော Shelter များ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ဆဲ Shelter များနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်၊ သိုလှောင်ရုံများတွင် မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍လည်း ဌာနတွင်း ဇာတ်တိုက် လေ့ကျင့်မှုများ ပိုမိုဆောင်ရွက်သွားရန်၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာဗဟုသုတများရရှိပြီး စနစ်တကျလိုက်နာတုံ့ပြန်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် မိမိ၏လုပ်ငန်းများအပေါ် တာဝန်သိစိတ်၊ တာဝန်ရှိစိတ်ဖြင့် စေတနာထား၍ ဆောင်ရွက်သွားရန်မှာကြားပြီး သိုလှောင်ရုံရှိ ကယ်ဆယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများ စောင့်ရှောက်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၁၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်း အတွင်း စက်တင်ဘာ ၉ ရက်က ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစဉ်။



မင်းလွင်ဦး(ပြန်/ဆက်)

(၁၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွေး၊ တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးနိုင်၊ စခန်းမှူး ဒုတိယရဲမှူး သန်းဇော်ထွေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၆၁)မှ ဒုတိယရဲမှူး ဇော်လင်းထွန်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ ရဲအုပ်နိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၅၅ ဦးတို့က စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက နန္ဒဝန်ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင် ချုံနွယ်များ ရှင်းလင်းပြီး ဘုရားစေတီရင်ပြင်အား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြစဉ်။



မြင့်ဦး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးနှင့် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားရာ ဆရာတော်ကြီးက သြဝါဒကထာ မြွက်ကြားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘုရားကြီးအား ရွှေဆိုင်းတော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး ပရိဝုဏ်အတွင်း သမိုင်းဝင်ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးများ၊ ရှေးဟောင်းကျောက်စာများ၊ သမိုင်းဝင် ရှေးဟောင်းသာသနိကအဆောက်အအုံများနှင့် ရှေးဟောင်းနံရံဆေးရေးပန်းချီများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မော်လမြိုင်မြို့ တောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသည့် သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် စေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ ပဋ္ဌာန်းဓမ္မာရုံ၌ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် မဟာသုခိတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ပြည်နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောလိယထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ မြေထိန်းနံရံတံတိုင်းပေါ်ရှိ မြန်မာမှုစိန်တောင်များ၊ ဘုရားတန်ဆောင်းများ၊ ရှေးဟောင်းသာသနိကအဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးအစားအစာ ထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းအစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးအစားအစာထုတ်လုပ်သူလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ၊ နို့စားနွား၊ ဆိတ်၊ ဝက်၊ ကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့နိုင်ရေး၊ မွေးမြူရေးတိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးရန်နှင့် အစာစပ်စက်ရုံများ တည်ထောင်လုပ်ကိုင်နိုင်မှု အလားအလာများ၊ ပြည်တွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ခိုင်မာသော ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေးနှင့် မွေးမြူရေးထွက်ကုန် အခြေခံစားသောက်ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီး စိုက်ပျိုးရေးသိပ္ပံကျောင်း၏ သင်ကြားသင်ယူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများအတွက် အာဟာရဖြည့်စွက်စာ ကြက်ဥနှင့်မုန့်များ ပေးအပ်ကာ လက်တွေ့သင်ကြားလေ့ကျင့်စိုက်ပျိုးထားသည့် စိုက်ခင်းများနှင့် ငါးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် သဘာဝနည်း၊ ဆေးထိုးသားဖောက်နည်းတို့ဖြင့် ငါးသားပေါက်ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ငါးမွေးမြူသူများအတွက် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငါးသားပေါက်ထုတ်လုပ်ရန် လျာထားချက်များပြည့်မီစေရေး၊ မျိုးငါးများကို စနစ်တကျ ကျွေးမွေးပြုစု ထိန်းသိမ်းဆောင်ရွက်ရေး၊ ရှားပါးလာသော ဒေသငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ ရေသတ္တဝါ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် သုတေသနပြုဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးခြံနှင့် ချမ်းမြသာစည်မြို့နယ်ရှိ ပုဂ္ဂလိကတစ်သျှူးကာချာလ်မျိုးပွားအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၅ ဦးက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(မြို့မ)၌ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကျော်ဆန်းမြင့်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်မြ ဦးဆောင်သောတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် အထက်ကြည့်မြင်တိုင်လမ်းရှိ အလက(၆)ကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



# ကချင်ပြည်နယ်မှ MSME လုပ်ငန်းဖြစ်သည့် ကချင်ရိုးရာအထည်ရက်လုပ်ငန်း

ဖြိုးလေး၊ ငှရွှေဝါ
ဓာတ်ပုံ - ဇော်ဘောက်

**နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်ရရှိစေရန်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု ( One Region One Product ) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လမ်းညွှန်ချက်များအပေါ် ကချင်ပြည်နယ်အနေဖြင့် အစီအစဉ်များ ရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိသည်။ အဆိုပါဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်တွင် ရိုးရာရက်ကန်းလုပ်ငန်းများ အပါအဝင် ဒေသထွက်သီးနှံများနှင့် ဆန်ခေါက်ဆွဲ စသည့်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးအတွက် Action Plan များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**ရက်ကန်းစင်အရေအတွက် ၂၁၉ စင်ရှိ**

ကချင်ပြည်နယ်၏ ဒေသတစ်ခု ထုတ်ကုန်တစ်ခုတွင် ကချင်ရိုးရာအထည်ရက်လုပ်ခြင်းလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများအနေဖြင့် စက်မှုမှတ်ပုံတင်ထားသောလုပ်ငန်း ၃၆ ခုရှိပြီး ရက်ကန်းစင်အရေအတွက် ၂၁၉ စင်ရှိကြောင်းလည်း သိရသည်။

ကချင်ပြည်နယ်မှ ထွက်ရှိသော ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ်အပွင့်ဖောက်များသည် နိုင်ငံတစ်ဝန်း လူကြိုက်များ ရေပန်းစားသော အဝတ်အထည်များတွင် ပါဝင်သည်။ ကချင်ရိုးရာအဆင်များအနေဖြင့် အမျိုးသား၊ အမျိုးသမီးတိုင်း ကြိုက်နှစ်သက်ကာ ရာသီမရွေးဝတ်ဆင်နိုင်သည့် ချည်ထည်အမျိုးအစားများဖြစ်ကြောင်းလည်း တွေ့ရသည်။

အဆိုပါ ကချင်ရိုးရာအထည်ရက်လုပ်သည့် လုပ်ငန်းများတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ်(၄)နယ်မြေသည်လည်း ရိုးရာရက်ကန်းထည်များ ထုတ်လုပ်နေသောနေရာတစ်ခုဖြစ်သည်။ တစ်ပိုင်တစ်နိုင်မှသည် ရက်ကန်းစင်ပေါင်းများစွာဖြင့် လုပ်ကိုင်နေကြသောနေရာ



ဖြစ်သည်နှင့်အညီ ရက်ကန်းခတ်သံများဖြင့် ပြည်နယ်၏အလှကို ဖော်ဆောင်လျက်ရှိသည်။

ကချင်ပြည်နယ်အတွင်းရှိ SME အသင်းဝင် ဦးထွန်းထွန်းနိုင် ဂျိန်းဖော့သူစက်ရက်ကန်းလုပ်ငန်းမှ ထုတ်လုပ်မှုများဖြစ်သော အထည်များထုတ်လုပ်မှုလုပ်ငန်းနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းလေ့လာခဲ့မှုကို တင်ပြလိုပါသည်။ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်အတွင်း စက်ရက်ကန်း၊ လက်ရက်ကန်းများဖြင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေသာ ကချင်ဒေသထွက် အထည်များ ထုတ်လုပ်ရာ ဂျိန်းဖော့သူ စက်ရက်ကန်း၊ လက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူ ဦးထွန်းထွန်းနိုင်သည် လွန်ခဲ့သော ၁၅ နှစ်ခန့်က ရွှေဘိုမြို့ ဆိပ်ခွန်ရွာမှ မြစ်ကြီးနားသို့ ပြောင်းရွှေ့အခြေချလုပ်ကိုင်ခဲ့ကြောင်းနှင့် လက်ရှိအခြေအနေတွင် စက်ရက်ကန်းစင် ၁၀၀၊ လက်ရက်ကန်းစင် ၅၀ တပ်ဆင်ထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

**အသုံးပြုနေသည့်ရေမှာ အထည်များ၏ အရည်အသွေးကို မြှင့်တင်**

အဆိုပါအထည်များ ထုတ်လုပ်မှုလုပ်ငန်းတွင် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ချည်များ၊ ဆေးများကို မန္တလေးမှတစ်ဆင့် မှာယူရကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကုန်ကြမ်းမှ ကုန်ချောဖြစ်အောင် ထုတ်လုပ်ခြင်းအားလုံးကို မြစ်ကြီးနားမြို့တွင်သာ ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။ ထူးခြားမှုအနေဖြင့် ချည်ထည်များကို လိုအပ်သော ဆေးအရောင်ဆိုးရာတွင် မြစ်ကြီးနားမြို့မှ ထွက်ရှိသည့် အသုံးပြုနေသည့်ရေမှာ အထည်များ၏ အရည်အသွေးကို မြှင့်တင်ရာတွင် များစွာအထောက်အကူပြုကြောင်း လုပ်ငန်းရှင်မှ ပြောပြချက်အရ သိရသည်။

၎င်းလုပ်ငန်းတွင် ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရာ၌ ရက်ကန်းလုပ်သားရှားပါးမှုသည် အဓိကဖြစ်ပြီး လက်ရက်ကန်းအတွက် လျှပ်စစ်မီး မလိုအပ်သော်လည်း စက်ရက်ကန်းအတွက် လျှပ်စစ်မီးသည် အဓိကကျသဖြင့် စက်သုံးဆီနှင့် လုပ်ငန်းလည်ပတ်ချိန်၌ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်မှုကြုံတွေ့ရကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများ၏ ဝယ်လိုအားကို ရယူ၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်နှင့်အညီ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်မှသာ မိမိတို့ကုန်ပစ္စည်းများ ဈေးကွက်တွင် ရောင်းပန်းလှနိုင်ပြီး ပိုမိုတိုးတက်နိုင်ကြောင်းလည်း ၎င်းက ဆက်လက်ဆွေးနွေးပြောကြားသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ကာ လူမှုစီးပွားဘဝ



ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်သည့်အတွက် ရက်ကန်းလုပ်ငန်းသည်လည်း ဒေသခံပြည်သူများ၏ အလုပ်အကိုင်တိုးပွားရရှိစေပြီး လူမှုစီးပွားဘဝကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။

**လုပ်သားဦးရေ ၂၁၆၀၀ ကျော်အထိ အလုပ်အကိုင်များ ဖန်တီးပေးနိုင်**

အဆိုပါ အထည်ထုတ်လုပ်မှုလုပ်ငန်းတွင် ကချင်ပုဆိုး၊ ကချင်လုံချည်၊ ဂျပ်ခုတ်အပွင့်ဖောက်များကို အများဆုံးထုတ်လုပ်ပြီး ချည်အသုံးပြုမှုအနေဖြင့် (၂ × ၈၀)တိုင်၊ (၂ × ၁၀၀)ဖောက် ချည်ချောများဖြင့် အများဆုံးရက်လုပ်ကြောင်း၊ ထိုကဲ့သို့ ချည်ထည်များ ထုတ်လုပ်ရာတွင် မှာယူသည့် အရေအတွက်များကို စိတ်တိုင်းကျထုတ်လုပ်ပေးလျက်ရှိကြောင်းလည်း သိရသည်။ ထိုရက်ကန်းလုပ်ငန်းမှ လုပ်သားများ၏ လစဉ်ဝင်ငွေသည် အနိမ့်ဆုံးငွေကျပ်နှစ်သိန်းမှ အမြင့်ဆုံးငွေကျပ် လေးသိန်းအထိ ရရှိကြောင်း၊ စက်ရုံအနေဖြင့် တစ်နှစ်လျှင် ချည်ထည်ကွင်းအရေအတွက် ၁၆၂၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်းလည်း သိရသည်။ လုပ်ငန်းလည်ပတ်မှုအတွက် တစ်နှစ်လျှင် လုပ်သားဦးရေ ၂၁၆၀၀ ကျော်အထိ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ကြောင်းလည်း သိရသည်။

ထို့အပြင် အထည်ထုတ်လုပ်မှု လုပ်ငန်းတည်ရှိရာ အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအား ချည်ချခြင်း၊ ရက်ဖောက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ ရဟတ်လုံးများဆောင်ရွက်ခြင်းတို့ကို ပုတ်ပြတ်စနစ်လုပ်ကိုင်ခြင်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေရအောင် ဖန်တီးပေးနိုင်မှုကိုလည်း သိရသည်။

ဒေသတွင်း ကျွမ်းကျင်လုပ်သားများ လိုအပ်ချက် ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရက်ကန်းပညာကို သင်ယူလိုသူများအတွက် သင်ကြားပေးလျက်ရှိပြီး ကျွမ်းကျင်တတ်မြောက်ပါက မိမိလုပ်ငန်းတွင်သာမက အခြားလုပ်ငန်းများတွင်ပါ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မည့်သူများကို ဈေးကွက်တွင် သုံးစွဲသူနှစ်သက်မည့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ လုပ်ငန်းတူအချင်းချင်း လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေး ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်း ဂျိန်းဖော့သူ အထည်ထုတ်လုပ်မှုလုပ်ငန်းပိုင်ရှင် ဦးထွန်းထွန်းနိုင်က ပြောသည်။

ရိုးရာရက်ကန်းလုပ်ငန်းများတွင် ဒေသနေလုပ်သားများအပြင် အခြားဒေသများမှ ရက်ကန်းလုပ်သားများလည်း မိသားစုလိုက် လာရောက်လုပ်ကိုင်နေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေသည်။ ထို့အတွက် ရိုးရာရက်ကန်းလုပ်ငန်းများ အရည်အသွေးမြင့်မားသည့် အထည်များထုတ်လုပ်နိုင်ရန် နည်းပညာသင်တန်းများပေးခြင်း၊ ကုန်ကြမ်းများကို အစုအဖွဲ့ဖြင့် တင်သွင်းနိုင်ရေး၊ နည်းပညာများ၊ စက်ပစ္စည်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်ပေးခြင်း၊ လုပ်ငန်းတူအချင်းချင်း ဒေသအသီးသီးတွင် လေ့လာရေးများ သွားရောက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါက ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ကချင်ပြည်နယ်၏ ဒေသတစ်ခုထုတ်ကုန်တစ်ခုတွင် ကချင်ရိုးရာအထည်ရက်လုပ်ခြင်းလုပ်ငန်းသည်လည်း အပါအဝင်ဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းများအနေဖြင့် စက်မှုမှတ်ပုံတင်ထားသောလုပ်ငန်း ၃၆ ခုရှိပြီး ရက်ကန်းစင်အရေအတွက် ၂၁၉ စင်ရှိ**

**ကချင်ရိုးရာအထည်ရက်လုပ်သည့် လုပ်ငန်းများတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် အမှတ်(၄)နယ်မြေသည်လည်း ရိုးရာရက်ကန်းထည်များ ထုတ်လုပ်နေသောနေရာတစ်ခုဖြစ်သည်။ တစ်ပိုင်တစ်နိုင်မှသည် ရက်ကန်းစင်ပေါင်းများစွာဖြင့် လုပ်ကိုင်နေကြသောနေရာဖြစ်သည်နှင့်အညီ ရက်ကန်းခတ်သံများဖြင့် ပြည်နယ်၏အလှကို ဖော်ဆောင်လျက်ရှိ”**



# သတင်းတုဟာ ကျွန်တော်တို့ ကုစားလို့မရတဲ့ သတင်းရောဂါတစ်ခုလို့ မမှတ်ယူပါဘူး၊ သတင်းတုတွေဆိုတာ ကမ္ဘာကြီးမှာ ရာစုနှစ်ချီရှိခဲ့တာပါ၊ အဲဒါကြောင့် ကျွန်တော်တို့လုပ်ရမှာက မျှတမှုရှိပြီး သတင်းအတတ်ပညာသုံးတဲ့ သတင်းတွေ ထုတ်ပေးဖို့ပါ

## Sputnik သတင်းအေဂျင်စီမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး မစ္စတာ ဗာဆီလီပုရှ်ကော့ဗ်နှင့် တွေ့ဆုံခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sputnik အေဂျင်စီ၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး မစ္စတာ ဗာဆီလီပုရှ်ကော့ဗ်(Mr. Vasily Pushkov)သည် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ The Global New Light of Myanmar သတင်းစာနှင့် Sputnik Information Agency တို့အကြား သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ်ကို စက်တင်ဘာ ၅ ရက်တွင် နေပြည်တော်၌ ချုပ်ဆိုခဲ့ပါသည်။ မြန်မာနိုင်ငံ၌ မစ္စတာ ဗာဆီလီပုရှ်ကော့ဗ် ရောက်ရှိနေစဉ်အတွင်း သူနှင့်တွေ့ဆုံကာ သူ့ခရီးစဉ်အကြောင်း၊ မီဒီယာအကြောင်း၊ မြန်မာ-ရုရှားဆက်ဆံရေးအကြောင်းနှင့် မြန်မာနိုင်ငံအပေါ် သူ၏အမြင်များကို မေးမြန်းခဲ့ပါသည်။ သူနှင့် အင်တာဗျူးအမေးအဖြေ အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။



Sputnik သတင်းအေဂျင်စီမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ညွှန်ကြားရေးမှူး မစ္စတာ ဗာဆီလီပုရှ်ကော့ဗ်။

**မေး ။ ခင်ဗျားရဲ့ မြန်မာနိုင်ငံခရီးစဉ် ရည်ရွယ်ချက်ကို ပြောပြနိုင်မလား။**

ဖြေ ။ ကျွန်တော့်ရဲ့ ဒီခရီးက တကယ့်ကို အထူးပြုခရီးတစ်ခုပါ။ တကယ်တမ်းတော့ ရည်ရွယ်ချက်တစ်ခုပါ။ နောက်ဆုံးတော့ ကျွန်တော်ဟာ မြန်မာနိုင်ငံက မိတ်ဖက်အသစ်ဖြစ်တဲ့ Global New Light of Myanmar သတင်းစာနဲ့ ပူးပေါင်းဆောင်ရွက်မှုအသစ်တစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ မီဒီယာအုပ်စုအတွက် ဒါဟာ အရေးကြီးတဲ့ အခါသမယပါ။ ဒီရည်ရွယ်ချက်တစ်ခုတည်းနဲ့ မြန်မာကို ကျွန်တော်လာဖို့ ဆုံးဖြတ်ခဲ့တာပါ။

**မေး ။ လက်မှတ်ထိုးတဲ့ပွဲမှာ ခင်ဗျားကိုတွေ့လိုက်ရပါတယ်။ လက်မှတ်ရေးထိုးပြီးတဲ့နောက် ဘယ်လိုခံစားရပါသလဲ။**


ဖြေ ။ ကျွန်တော် အလွန့်အလွန်ကို အကောင်းမြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ မိတ်ဖက်အသစ်နဲ့ စကားစပြောကြည့်တဲ့အချိန်မှာ ကျွန်တော်တို့ဟာ ခံယူချက်ချင်းတူသလား၊ မတူဘူးလားဆိုတာ ချက်ချင်းသိနားလည်ခဲ့ရတယ်။ အဲဒီနေ့ အခမ်းအနားမှာ ကျွန်တော်ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ဟာ တူညီတဲ့ပြဿနာတွေနဲ့ တွေ့ကြုံနေကြရတယ်။ ကျွန်တော်တို့မှာ စိန်ခေါ်မှုချင်းတူနေကြတယ်။ ပြီးတော့ ကျွန်တော်တို့မှာ တူညီတဲ့ရည်မှန်းချက်နဲ့ တန်ဖိုးတွေရှိနေကြပါတယ်။ အဲဒါကြောင့် ဒီပူးပေါင်းဆောင်ရွက်မှုကို ရှေ့တိုးဆောင်ရွက်ဖို့ ကျွန်တော်တို့အတွက် ဘာအခက်အခဲမှမရှိဘူးလို့ အခု ကျွန်တော် တွေ့မြင်လိုက်ရတယ်။ အခုအခါ ကျွန်တော်တို့လုပ်ရမယ့်ကိစ္စတွေက အကောင်းဆုံးနည်းလမ်းနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အကောင်းဆုံးနည်းလမ်းနဲ့ ထောက်ပံ့ပို့ဆောင်ရေးတွေလုပ်ဖို့။ အဲဒီကနေ ကျွန်တော်တို့ သူ့အလိုလိုကို တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး ။ The Global New Light of Myanmar က မြန်မာနိုင်ငံမှာ ခင်ဗျားရဲ့ ပထမဆုံးမိတ်ဖက်မီဒီယာလား။**

ဖြေ ။ မီဒီယာပုံစံအရဆိုရင်တော့ ဟုတ်တယ်လို့ ဖြေရမယ်။ ကျွန်တော်တို့ဟာ မြဝတီနဲ့ လက်တွဲလုပ်နေပါတယ်။ ဒါပေမယ့် ပူးပေါင်းဆောင်ရွက်မှုပုံစံက နည်းနည်းလေးတော့ကွာတယ်။ ဆောင်ရွက်မှုပုံစံအနေနဲ့ပြောရရင်တော့ ခင်ဗျားတို့က မြန်မာနိုင်ငံမှာ ပထမဆုံးမိတ်ဖက်ပဲ ဖြစ်ပါတယ်။

**မေး ။ ဘာဖြစ်လို့ GNLM နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ခင်ဗျားတို့ ဆုံးဖြတ်ခဲ့တာလဲ။**

ဖြေ ။ တကယ်တမ်းတော့ မြန်မာမီဒီယာနဲ့ ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင်က သိပ်ပြီး မနှံ့စပ်လှပါဘူး။ အဲဒါကြောင့် လူတော်တော်များများနဲ့ စကားပြောဆိုဖြစ်ခဲ့တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ရုရှားသံရုံးက လုပ်ဖော်ကိုင်ဖက်တွေဆီကလည်း ကောင်းမွန်တဲ့ အကြံဉာဏ်တွေရခဲ့တယ်။ GNLM



ဟာ ကျွန်တော်တို့အတွက် အင်မတန်မှသင့်တော်တဲ့ မိတ်ဖက်လို့ သူတို့အားလုံးက ပြောကြတယ်။ အဲဒီအပြင် အဖွဲ့အစည်းနှစ်ခုစလုံးဟာ ရည်မှန်းချက်တွေ တူညီကြပြီး တူညီတဲ့လုပ်ငန်းလည်ပတ်မှုနည်းနာတွေရှိကြတယ်လို့လည်း သူတို့က အခြေခံကျကျ ပြောဆိုကြပါတယ်။ ခင်ဗျားတို့က သတင်းစာ၊ ကျွန်တော်တို့က သတင်းအေဂျင်စီ။ ကျွန်တော်တို့ အသုံးချနိုင်တဲ့ တူညီတဲ့အခြေခံတွေရှိနေကြပါတယ်။

**မေး ။ အဖွဲ့အစည်းနှစ်ခုအကြားမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မယ်ဆိုတာ ပိုပြီး အသေးစိတ်ပြောပြနိုင်မလား။**

ဖြေ ။ ဒီကနေ့မှာ ကမ္ဘာတစ်လွှားက မတူညီကြတဲ့ မီဒီယာကုမ္ပဏီတွေဟာ စိန်ခေါ်မှုတော်တော်များများ ကြုံတွေ့နေကြရတယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်း နားလည်ပါတယ်။ အနည်းဆုံးတော့ ဘဏ္ဍာရေးအခက်အခဲတွေရှိနေကြတယ်။ ကျွန်တော် တကယ့်ကို ရိုးရိုးသားသားပြောပြပါမယ်။ ကျွန်တော်တို့ မီဒီယာကုမ္ပဏီဟာ ရုရှားရဲ့အကြီးဆုံး မီဒီယာတွေထဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကိုယ်စားလှယ်မရှိသေးဘူး။ နေပြည်တော်မှာလည်းမရှိဘူး။ ရန်ကုန်မှာလည်း မရှိဘူး။ ဒါပေမယ့် မြန်မာနိုင်ငံက သတင်းတွေကိုလိုအပ်လာမှုတွေ တဖြည်းဖြည်းချင်းကြီးထွားလာနေတယ်။ အဲဒါကြောင့် (မြန်မာ) သတင်းတွေကို ပို့ပေးမယ့် မိတ်ဖက် ကျွန်တော်တို့ လိုအပ်နေတယ်။ အပြန်အလှန်အားဖြင့်လည်းပဲပေါ့။

မော်စကိုမှာ မြန်မာကုမ္ပဏီတစ်ခုအနေနဲ့ သတင်းထောက်တစ်ယောက်လာထားဖို့က သိပ်မလွယ်လှပါဘူး။ အဲဒါကြောင့် ရုရှားနဲ့ပတ်သက်တဲ့ သတင်းတွေ ခင်ဗျားတို့ကို သုံးလို့ရအောင် ကျွန်တော်တို့ပေးဖို့ အဆင်သင့်ပါ။ ဒုတိယအချက်က ကျွန်တော်တို့ဟာ နိုင်ငံတကာမီဒီယာအုပ်စုတစ်ခုဖြစ်တယ်။ Sputnik ဟာ ကမ္ဘာအနှံ့ ဘာသာစကား ၃၂မျိုးနဲ့ ဖြန့်ချိလွှင့်ထုတ်ပေးနေတယ်။ ကျွန်တော်တို့ ပရိသတ်အစိတ်အပိုင်းအချို့ဟာ မြန်မာနိုင်ငံမှာ နေထိုင်နေကြတယ်။ အဲဒါကြောင့် ဒီပြည်တွင်းက ပရိသတ်တွေအကြောင်း နားလည်ဖို့ ကျွန်တော်တို့အတွက် တကယ့်ကို အရေးကြီးပါတယ်။ စိတ်ဝင်စားမှုတွေ၊ မီဒီယာတွေ၊ ယဉ်ကျေးမှုတွေ စသဖြင့်ပေါ့။ အဲဒါတွေကို ခင်ဗျားတို့ဆီက ကျွန်တော်တို့ သင်ယူဖို့ မျှော်လင့်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေကို ခင်ဗျားတို့ကို မျှဝေပေးဖို့ ကျွန်တော်တို့ အဆင်သင့်ရှိနေပါတယ်။

**မေး ။ ဒီပူးပေါင်းဆောင်ရွက်မှုဟာ ခင်ဗျားတို့အတွက် တန်ဖိုးရှိတယ်လို့ ထင်ပါသလား။ ပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတိုးမြှင့်နိုင်မယ်လို့ ယုံကြည်ပါသလား။**

ဖြေ ။ ရုရှားပြည်သူတွေအတွက် တိုက်ရိုက်နည်းလမ်းအဖြစ်ဆုံးပါ။ အားတော့နာပါတယ်။ ရုရှားပြည်သူတွေဟာ မြန်မာအကြောင်းကို ယေဘုယျပဲ သိထားကြပြီး အခုစပြီး လေ့လာနေကြပါတယ်။ ရုရှားအစိုးရဟာ မြန်မာနိုင်ငံနဲ့ နီးကပ်တဲ့ဆက်ဆံရေး ဖန်တီးဖို့ လုပ်ဆောင်နေတာ အချိန်တစ်ခုတော့ ရှိနေပါပြီ။ အစိုးရက ဒါကို ပံ့ပိုးဆောင်ရွက်သွားနိုင်ဖို့ အများပြည်သူရဲ့ထောက်ခံဖို့လိုတယ်။ အဲဒါကြောင့် ရုရှားစကားပြောပရိသတ်တွေကို မြန်မာသတင်းတွေ ပေးဖို့ ကျွန်တော်တို့ ဒီမှာရှိနေကြတာပါ။ နိုင်ငံတကာ ပရိသတ်ကိုမြန်မာသတင်းတွေသိဖို့ ဒီမှာ ကျွန်တော်တို့ ရောက်နေကြတာပါ။ ကမ္ဘာ့မီဒီယာတွေက ဖြန့်ဝေနေတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အရည်အသွေးနိမ့် သတင်းအချက်အလက်တွေအကြောင်း ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိကြမှာပါ။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ မျှတမှုရှိတဲ့သတင်းတွေ ပုံမှန်စီးဆင်းနေဖို့ ကျွန်တော်တို့ ဖန်တီးကြရပါမယ်။ ခင်ဗျားတို့ရဲ့အကူအညီနဲ့ ကျွန်တော်တို့အကောင်းဆုံး လုပ်ပါမယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ အစိုးရတွေကို ကူညီနိုင်မှာဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုမိုနီးကပ်လာဖို့ အကူအညီဖြစ်စေပါလိမ့်မယ်။

**မေး ။ ဆိုရှယ်မီဒီယာတွေ မြင့်တက်လာနေပြီး မည်ကာမတ္တ citizen journalists တွေကလည်း တိုးပွားလာနေပါတယ်။ အဲဒါကြောင့် ပင်မရေစီးမီဒီယာတွေဟာ သတင်းတု၊ သတင်းမှားပြဿနာများစွာနဲ့ ကြုံတွေ့နေကြရပါတယ်။ သတင်းတုတိုက်ဖျက်ရေးအပေါ် ခင်ဗျားရဲ့အမြင်က ဘယ်လိုရှိမလဲ။**

ဖြေ ။ ရိုးသားစွာနဲ့ ကျွန်တော့်ပုဂ္ဂိုလ်ရေးအမြင်ပြောရရင်တော့ သတင်းတုဟာ ကျွန်တော်တို့ ကုစားလို့မရတဲ့ သတင်းရောဂါတစ်ခုလို့ မမှတ်ယူပါဘူး။ သတင်းတုတွေဆိုတာ ကမ္ဘာကြီးမှာ ရာစုနှစ်ချီရှိခဲ့တာပါ။ အဲဒါကြောင့် ကျွန်တော်တို့လုပ်ရမှာက မျှတမှုရှိပြီး သတင်းအတတ်ပညာသုံးတဲ့ သတင်းတွေထုတ်ပေးဖို့ပါ။ ဒုတိယအချက်ကတော့ ပိုအန္တရာယ်ရှိနေတယ်။ အဲဒါက တစ်ကိုယ်တော်သတင်းသမားလို့ပဲခေါ်ခေါ် ပုဂ္ဂလိကသတင်းသမားလို့ပဲဆိုဆို မည်ကာမတ္တ ဖေ့စ်ဘုတ်သတင်းသမားတွေ၊ ဘလော့ဂါတွေ။ ကျွန်တော်တို့သတင်းပညာအသုံးပြု မီဒီယာကုမ္ပဏီတွေရဲ့ ပြဿနာက အဲဒီသူတွေနဲ့ တစ်တန်းတည်းထား ယှဉ်ပြိုင်နေကြရတာပဲ ဖြစ်တယ်။ ကျွန်တော်တို့ ကုမ္ပဏီပိုင်ဆိုင်တဲ့ ဖေ့စ်ဘုတ်လို၊ တယ်လီဂရမ်လို ပလက်ဖောင်းတွေက အကောင့်တွေကို ကျွန်တော်တို့ဟာ လူထောင်နဲ့ချီသုံးပြီး ဖန်တီးနေကြတယ်။ လူတစ်ယောက်နှစ်ယောက်လောက်နဲ့ လုပ်ထားတဲ့ ချန်နယ်တွေကို ကျွန်တော်တို့က လိုက်ပြိုင်နေကြရတယ်။ အဲဒါက ကျွန်တော်တို့အတွက် အတော့်ကို ဒုက္ခဖြစ်စေတယ်။ သတင်းတုဖြန့်နေတာတွေက ပြဿနာအသစ်မဟုတ်ဘူး။

စာမျက်နှာ ၉ သို့ *

**ကမ္ဘာ့မီဒီယာတွေက ဖြန့်ဝေနေတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အရည်အသွေးနိမ့် သတင်းအချက်အလက်တွေအကြောင်း ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိကြမှာပါ။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ မျှတမှုရှိတဲ့သတင်းတွေ ပုံမှန်စီးဆင်းနေဖို့ ကျွန်တော်တို့ ဖန်တီးကြရပါမယ်။ ခင်ဗျားတို့ရဲ့ အကူအညီနဲ့ ကျွန်တော်တို့ အကောင်းဆုံးလုပ်ပါမယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ အစိုးရတွေကို ကူညီနိုင်မှာ ဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုမိုနီးကပ်လာဖို့ အကူအညီဖြစ်စေပါလိမ့်မယ်**

# ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေး မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Services စနစ်ဖြင့် စခန်းများ စတင်ဖွင့်လှစ်ဆောင်ရွက်




**နေပြည်တော်  စက်တင်ဘာ ၁၁**

ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်အရ သက်တမ်းလေးနှစ် ပြည့်ပြီးသည့် Passport သက်တမ်း နှစ်နှစ်နှင့်အထက် သက်တမ်းကျန်ရှိနေသော အလုပ်သမားများကို နယ်စပ်ဂိတ်များမှတစ်ဆင့် MoU U–turn စနစ်ဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့နယ် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂)နှင့် ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ရွှေဝက်ဝံရေခဲစက်ဝင်းအတွင်းတို့၌ One Stop Service စနစ်ဖြင့် လုပ်ငန်းစဉ်များ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ပူးပေါင်းပြီး ထိုင်းနိုင်ငံတွင် နေထိုင်လုပ်ကိုင်လျက်ရှိသည့် MoU သက်တမ်း လေးနှစ်ပြည့် အလုပ်သမားများကို ထိုင်းနိုင်ငံသို့ အချိန်တိုအတွင်း ပြန်လည်ဝင်ရောက် လုပ်ကိုင်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)ရိုက်နှိပ်ခြင်းများကို မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Service (OSS)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြဝတီမြို့နှင့် ကော့သောင်းမြို့တို့တွင် One Stop Service(OSS)ဖြင့် OWIC ထုတ်ပေးရေး ဆောင်ရွက်ရာတွင် အချိန်နှောင့်နှေးကြန့်ကြာမှုမရှိစေရန် မြန်မာနိုင်ငံဘက်သို့ရောက်ရှိပြီး အချိန်တိုအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်၍ ယင်းနေ့အတွင်း ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ စာမျက်နှာ ၈ မှ


အတတ်ပညာမရှိတဲ့ သတင်းသမားတွေကလည်း ပြဿနာအသစ်မဟုတ်ဘူး။ သူတို့ဟာ နှစ်ပေါင်းများစွာ ကျွန်တော်တို့အနားမှာရှိနေခဲ့ကြတာပါ။ ရည်စူးပရိသတ်တွေကတော့ အတတ်ပညာမရှိတဲ့ သတင်းလုပ်ငန်းနဲ့ အတတ်ပညာသုံးတဲ့သတင်းအေဂျင်စီတွေ၊ သတင်းလုပ်ငန်းအုပ်စုတွေကို လွယ်လွယ်ခွဲခြားသိမြင်နိုင်ကြပါတယ်။ နောက်ဆုံးတစ်နေ့မှာတော့ လူတွေဟာ သတင်းအတတ်ပညာရှိတဲ့ သတင်းလုပ်ငန်းတွေကိုပဲ ရွေးချယ်လာကြမှာပါ။ အဲဒါကြောင့် အနာဂတ်မီဒီယာကုမ္ပဏီတွေအပေါ် ကျွန်တော်က သိပ်ကိုအကောင်းမြင်မိပါတယ်။

**မေး ။** ကမ္ဘာတစ်လွှားက မီဒီယာကုမ္ပဏီတွေအတွက် စိန်အခေါ်ဆုံးပြဿနာတွေက ဘာတွေလဲ။

**ဖြေ ။** မီဒီယာလုပ်ငန်းတွေမှာ ငွေကြေးဘဏ္ဍာပြဿနာဟာ စတင်နေခဲ့ပြီးပါပြီ။

**မေး ။** အင်တာဗျူး ဒုတိယပိုင်းအဖြစ် မေးချင်ပါတယ်။ မြန်မာနိုင်ငံကို ဒါပထမဆုံး ခင်ဗျားရောက်ဖူးတာလို့ သိထားပါတယ်။ အခုရောက်တော့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဘယ်လိုမြင်ပါသလဲ။

**ဖြေ ။** ကျွန်တော့် မိသားစုဇာတ်လမ်းလေးပြောပြရမလား။ သာမန်ရုရှားတစ်ဦးနဲ့ နှိုင်းယှဉ်ရင်တော့ ကျွန်တော်ဟာ နည်းနည်းကလေးတော့ ထူးနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ကလေးဘဝကတည်းက မြန်မာအကြောင်း ကြားဖူးနေလို့ပဲဖြစ်တယ်။ ခဏခဏ ကြိမ်ဖန်များစွာကြားခဲ့ရတာ။ ကျွန်တော့်မိခင်က မြန်မာပြည်မှာ မွေးတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အဘိုးက မြန်မာနိုင်ငံမှာ လာအလုပ်လုပ်ပြီး ဒီမှာ အဘွားနဲ့ အတူနေကြတာ။ အဲဒါကြောင့် ကျွန်တော့်မိခင်ကို ရန်ကုန်မြို့မှာ ၁၉၅၈ ခုနှစ်တုန်းက မွေးဖွားခဲ့ပါတယ်။ ရန်ကုန်မြို့မှာ ဆိုဗီယက်အစိုးရရဲ့ အကူအညီနဲ့ တည်ဆောက်တဲ့ အဆောက်အအုံတော်တော်များများရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေမှာ အဘိုးက စကားပြန်အနေနဲ့ အလုပ်လုပ်ခဲ့ရတာပါ။




ကျွန်တော့်မိခင်က ဒီမှာ အသက်ငါးနှစ်သမီးအရွယ်ထိနေခဲ့ရပြီးမှ သူတို့ အခြားတစ်နိုင်ငံကို ပြောင်းသွားခဲ့ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော့် မိသားစုရဲ့ နှလုံးသားထဲမှာ မြန်မာနိုင်ငံက တကယ့်ကို အထူးတလည်နေရာတစ်ခု အမြဲဖြစ်ခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်ဒီကိုလာတာပါ။ ရိုးသားစွာပြောရရင် ဒီကို ကျွန်တော်လာတာ အခြားသာမန်ရုရှားတွေထက် ပိုပြီးပြင်ဆင်ခဲ့ရပါတယ်။ ယဉ်ကျေးမှုနဲ့ ဘာသာစကားအကြောင်း ကျွန်တော်နည်းနည်းသိထားတယ်။ ပိုက်ဆံတွေက ဘယ်လိုပုံစံဆိုတာ ကျွန်တော်သိထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဘိုးက ပိုက်ဆံအချို့ယူလာခဲ့တယ်လေ။ အဲဒီပိုက်ဆံတွေက အခုဒီမှာသုံးနေကြတဲ့ ပိုက်ဆံတွေနဲ့ ဆင်တူနေတုန်းပဲ။

တစ်ဖက်မှာလည်း ကျွန်တော့်ရဲ့အထင်အမြင်ထဲ မကောင်းတဲ့အရာက ရိုက်ခတ်ခဲ့တယ်။ လက်ရှိ မြန်မာနိုင်ငံအခြေအနေနဲ့ပတ်သက်ပြီး မကောင်းရေးတဲ့သတင်းတွေ အများကြီးဖတ်ဖူးကြမှာပါ။ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မကောင်းသတင်းတွေ တော်တော်များများဖတ်ပြီးရင်တော့ အဲဒီထဲကအချို့ကို စပြီးယုံလာမှာပဲ။ အဲဒီထဲက အနည်းဆုံးတော့ အချို့ကိုတွေ့ရမယ်လို့ မျှော်လင့်ထားခဲ့တာပါ။ ဒါပေမယ့် ဒီပုံသေကားကျ သတင်းတွေဟာ မမှန်ဘူးဆိုတာ ကျွန်တော်ချက်ချင်းကို သိလိုက်ရတယ်။

ဒီ(မြန်မာ)နိုင်ငံဟာ ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံပဲ။ အရှေ့သို့ မှန်မှန်လှမ်းချီနေတယ်။ နေပြည်တော်ကို အလည်အပတ်ရောက်ပြီးတဲ့နောက် မြို့ရဲ့လှပပုံတွေက ကျွန်တော့်ကို မှင်တက်စေတယ်။ ဘယ်လိုများ တိုးတက်အောင် လုပ်ခဲ့သလဲပေါ့။ ဒီလိုမျိုးအဖြစ် ကျွန်တော် မကြာခဏကြုံဖူးတယ်။ နိုင်ငံတစ်နိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ မရောက်ဖူးဘဲနဲ့ အဲဒီနိုင်ငံတွေရဲ့အကြောင်း မဖတ်သင့်ဘူး၊ ကိုယ့်စိတ်ထဲမှာ ပုံရိပ်တစ်ခု မတည်ဆောက်သင့်ဘူးလို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံကို တကယ်စိတ်ဝင်စားတယ်ဆိုရင် ကိုယ်တိုင်ကိုယ်ကျ သွားကြည့်ပါ။ အိပ်မက်တွေ တကယ်ဖြစ်လာစေတဲ့ ဒီအခွင့်အရေးရလို့ ကျွန်တော်ပျော်ရွှင်ပါတယ်။ အဲဒီအပြင် ဒီနိုင်ငံဟာ ဘယ်လိုဆိုတာကို ကျွန်တော့်မိတ်ဆွေတွေကို ကျွန်တော်ရိုးသားစွာပြောပြနိုင်တော့မှာပါ။ တကယ်က ဘယ်လိုဘယ်ပုံဆိုတာတွေပေါ့။ ကျွန်တော်ဟာ ရုရှားနဲ့ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုရဲ့ သံတမန်တစ်ဦးလို ဖြစ်သွားပါလိမ့်မယ်။

**မေး ။** ဒါဆိုရင် ဒီကိုရောက်လာပြီးတဲ့နောက် ခင်ဗျားအမြင်တွေပြောင်းသွားတယ်လို့ ဆိုလိုတာလား။

**ဖြေ ။** ဒါပေါ့။ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ကျွန်တော့်အမြင်တွေဟာ ပိုပြီးအပြုသဘော အကောင်းမြင်တွေဖြစ်လာတယ်။ အကောင်းပြောတဲ့အခါတောင် ပိုပြီး မျှတလာလိမ့်မယ်။ ပိုပြီး ယုတ္တိတန်လာမယ်။ တကယ့်အခြေအနေနဲ့ ပိုပြီးနီးစပ်လာလိမ့်မယ်။ အဲဒါတွေကြောင့် ပိုပြီး အကျိုးရှိလာပါလိမ့်မယ်။

**မေး ။** မြန်မာတွေအများကြီးနဲ့ ခင်ဗျားတွေ့ခဲ့မှာပေါ့။ မြန်မာတွေအပေါ် ခင်ဗျားဘယ်လိုမြင်သလဲ။

**ဖြေ ။** မြန်မာတွေဟာ သိပ်ကို လှိုက်လှဲဖော်ရွေလှတဲ့သူတွေပါ။ အလွန့်အလွန်ကို ဖော်ရွေတာပါ။

**မေး ။** ရုပ်မြင်သံကြားသတင်းမှာ ခင်ဗျား မာရဝိဇယဘုရားကြီးသွားဖူးတာ မြင်လိုက်ရတယ်။ ဘယ်လိုခံစားရသလဲ။

**ဖြေ ။** ပထမဆုံးရိုးရိုးသားသားပြောရရင် ကျွန်တော့်မျက်လုံးကိုတောင် ကျွန်တော်နည်းနည်းစိတ်ပူသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ်ကိုတောက်ပြောင်လွန်းလို့။ မျက်စိတောင် နည်းနည်းကျိန်းသွားတယ်။ အဲသလောက်ဖြူတဲ့အရာကို ကျွန်တော့်မျက်လုံးက ခံနိုင်ပါ့မလားပေါ့။ ပုံပြင်တစ်ခုလိုပါပဲ။ ဖုန်းမှာပါတဲ့ ခေတ်သစ်ကင်မရာတွေက အဲဒီအလှအပကို ဖမ်းဆုပ်ယူနိုင်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ ဖုန်းကင်မရာတစ်လုံးတောင်မပါလာဘူး။ ဘုရားကြီးရဲ့အောက်ခြေ ဘယ်မှာအဆုံးသတ်သွားသလဲ ကျွန်တော့်မျက်လုံးက မခွဲခြားနိုင်ဖြစ်ခဲ့တယ်။ ရုရှားမှာ ဒါကိုသိသွားရင် ရုရှားက ခရီးသွားတွေအများကြီး ဒီကိုလာကြလိမ့်မယ်။ ကိုယ်မျက်လုံးနဲ့ ကိုယ်တိုင်ကြည့်လို့မရနိုင်အောင် လှပ(သပ္ပာယ်)လွန်းလှပါတယ်။

**မေး ။** နောက်ဆုံးမေးခွန်းပါ။ ခင်ဗျားမော်စကိုနဲ့ ရုရှားကိုပြန်ရောက်ရင် မိတ်ဆွေတွေက မြန်မာနိုင်ငံအကြောင်းမေးလာတဲ့အခါ ခင်ဗျားဘယ်လိုပြန်ပြောမလဲ။ တစ်ကြောင်းတည်းနဲ့ ပြည့်ပြည့်စုံစုံဖြေမယ်ဆိုရင်ပေါ့။

**ဖြေ ။** ကျွန်တော့်အဖြေကို ခင်ဗျားနှစ်သက်၊ မသက်တော့ ကျွန်တော်မသိဘူး။ ခင်ဗျားက တစ်ကြောင်းတည်းနဲ့ ကန့်သတ်လိုက်တာကိုး။ ကျွန်တော့်သူငယ်ချင်းတွေကို ကျွန်တော်က "ခင်ဗျား အဲဒီကိုသွားပြီး အစားအစာတွေ ကြိုးစား စားကြည့်သင့်တယ်" လို့ပဲ ဖြစ်ပါတယ်။

**သတင်းစဉ်**

> ❛ **ဒီ(မြန်မာ)နိုင်ငံဟာ ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံပဲ။ အရှေ့သို့ မှန်မှန်လှမ်းချီနေတယ်။ နေပြည်တော်ကို အလည်အပတ်ရောက်ပြီးတဲ့နောက် မြို့ရဲ့လှပပုံတွေက ကျွန်တော့်ကို မှင်တက်စေတယ်။ ဘယ်လိုများ တိုးတက်အောင်လုပ်ခဲ့သလဲပေါ့။ ဒီလိုမျိုးအဖြစ် ကျွန်တော် မကြာခဏကြုံဖူးတယ်။ နိုင်ငံတစ်နိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ မရောက်ဖူးဘဲနဲ့ အဲဒီနိုင်ငံတွေရဲ့အကြောင်း မဖတ်သင့်ဘူး၊ ကိုယ့်စိတ်ထဲမှာ ပုံရိပ်တစ်ခု မတည်ဆောက်သင့်ဘူးလို့ ကျွန်တော်ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံကို တကယ်စိတ်ဝင်စားတယ်ဆိုရင် ကိုယ်တိုင်ကိုယ်ကျသွားကြည့်ပါ။ အိပ်မက်တွေ တကယ်ဖြစ်လာစေတဲ့ ဒီအခွင့်အရေးရလို့ ကျွန်တော်ပျော်ရွှင်ပါတယ်။ အဲဒီအပြင် ဒီနိုင်ငံဟာ ဘယ်လိုဆိုတာကို ကျွန်တော့်မိတ်ဆွေတွေကို ကျွန်တော်ရိုးသားစွာ ပြောပြနိုင်တော့မှာပါ** ❜

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် စက်တင်ဘာ ၁၁

(၁၁)ကြိမ်မြောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် ဗဟိုကော်မတီ ဝင်များ စုံညီစွာတက်ရောက်ကြသည်။

**လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးလျက်ရှိ**

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အမှန်တကယ် စီးပွားဖြစ်လုပ်ကိုင်လိုသူများ၊ တစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသူများ၊ လုပ်ငန်းဆောင်ရွက်ရန် အရင်းအနှီးအသင့်ရှိနေကြသော မြေမဲ့ယာမဲ့ နိုင်ငံသားများနှင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ချထားပေးလျက်ရှိကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စတင် ချထားပေးရန် အာမခံကြေးအား တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ သာ ပေးသွင်းရန်လိုအပ်ပြီး အဆိုပါအာမခံကြေးအား ခွင့်ပြုလုပ်ငန်းများ အကောင်အထည်ဖော်ပြီး တည်ငြိမ်ပြီးစီးပါက ပြန်လည်ထုတ်ပေးခြင်း ဖြစ်၍ နိုင်ငံတော်အစိုးရက မိမိတို့နိုင်ငံသားများကို မြေများအခမဲ့ချထား ပေးနေသည့်သဘောဖြစ်ကြောင်း။

သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာရန်ပျက်ကွက်ပါက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ပေးထားသော မြေကို ပြန်လည်သိမ်းဆည်းခြင်း၊ ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းအပြင် တည်ဆဲဥပဒေများ အရ တရားစွဲဆိုခြင်းကိုလည်း ခံရနိုင်ကြောင်း။

လယ်ယာမြေများအပေါ်တွင် ရေရှည်အမျိုးသားအကျိုးစီးပွား အလို့ငှာ ဆောင်ရွက်ရသော နိုင်ငံတော်စီမံကိန်းလုပ်ငန်းကြီးများ၊ အများပြည်သူအကျိုးငှာ ဆောင်ရွက်ကြရသော လုပ်ငန်းများနှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ကြရသော လုပ်ငန်း များတွင် မဖြစ်မနေ အနည်းဆုံးလိုအပ်ချက်ပမာဏဖြင့် သုံးစွဲလိုက်ရ သည့် လယ်ယာမြေများရှိနေမှုကို လယ်ယာမြေများမလျော့ပါးရေးမူဝါဒ အရ မြေလွတ်၊ မြေရိုင်းများကို စိုက်ပျိုးနိုင်သော လယ်ယာမြေအဖြစ် အသုံးပြုနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အစည်းအဝေးကို တက်ရောက်နေသည့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ ကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင် ဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟို ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများအား ဖတ်ကြားတင်ပြရာ အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ် တင်ပြခြင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိမှုများအပေါ် စည်းကမ်းချက်နှင့်အညီ စစ်ဆေးဆောင်ရွက်နိုင်ရေး အတွက်အထူးအဖွဲ့ဖွဲ့စည်းပေးရန်၊ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်လျှောက်ထား ခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းကို စိစစ်ရန် သီးခြားအဖွဲ့များ ဖွဲ့စည်းပေးရန်၊ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အမိန့်စာမူရင်း ပျောက်ဆုံး သွားသဖြင့် ဒုတိယမူရင်း သို့မဟုတ် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့် ပြုရန်၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီက ငြင်းပယ်ကြောင်း ဆုံးဖြတ်လိုက်သည်ကို အယူခံတင်ပြ လာသည့် ကိစ္စရပ်နှင့် ဗဟိုကော်မတီသို့ ဥပဒေပုဒ်မ ၈-က (ခ)အရ အယူခံတင်ပြလာသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၈၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၁၁**


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၈၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကိုယနေ့နံနက်၉နာရီ တွင် နေပြည်တော်ရှိ ပြည်တွင်း အခွန်များဦးစီးဌာန၌ ကျင်းပ သည်။

အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန များမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်း သား သင်တန်းသူများ တက်ရောက် ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခု သင်တန်းတွင်ပို့ချပေးမည့် အခွန် ဆိုင်ရာဘာသာရပ်များကို လေ့လာ မှတ်သား၍ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အခွန်ဥပဒေများနှင့် အညီ ပြည့်ပြည့်ဝဝ ကောက်ခံနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်၊ အခွန်ထမ်းပြည်သူများ အနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များ သိရှိ နားလည်သဘောပေါက်လာအောင် အသိပညာပေး စည်းရုံးဆောင်ရွက် သွားကြရန်နှင့် "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ခံယူ ချက်ဖြင့် မိမိတာဝန်ယူရသည့် လုပ်ငန်း နယ်ပယ်များတွင် ကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း သင်တန်း သား သင်တန်းသူ ၈၀ တက်ရောက် ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြန်အောင်ခရိုင် ရဲတပ်ဖွဲ့ မှူး ဒုရဲမှူးကြီးမြင့်ကျော် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းနိုင် ဦးစီး၍ မြန်အောင် ခရိုင်/ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ကနောင်၊ အင်ပင်၊ ရွှေကျင်၊ သပြေကုန်းနယ်မြေရဲစခန်းများမှ တပ်ဖွဲ့ဝင်များက မြန်အောင်မြို့ မဟာဓမ္မိကာရာမကျောင်းတိုက် တိုင်တစ်ရာကျောင်းဝင်းအတွင်း ဘုရားရောင်တော်ဖွင့်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်လင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ ဝင်းမိုလ်(မြန်အောင်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) အမှတ်စဉ်(၂/ ၂၀၂၃) သင်တန်းဖွင့်လှစ်



ကျောင်းကုန်း စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) အမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အဆိုပါစက်မှုလယ်ယာဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အလေအလွင့်နည်းပါးအောင် ယခုလို သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ တစ်ဧက ၁၀ တင်းနှုန်း တိုးထွက်ရေး ဝိုင်းဝန်းကူညီပေးရန် ပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သမဝါယမဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဝင်းထူးက သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ် ရာ သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) အမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီအဖွဲ့ဝင်များနှင့် တောင်သူသင်တန်းသား ၅၅ ဦးတို့ တက်ရောက် ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အိပ်မက်တွေက ဈေးကြီးတယ်

ခင်သန်းမြင့်

**“စိတ္တေန နိယတေလောကော”၊ လောကကို စိတ်ကဦးဆောင်တယ်ဆိုတဲ့အတိုင်း ကိုယ့်ရဲ့ကောင်းသောစိတ်ကူးအိပ်မက်တွေဟာ လက်တွေ့ဘဝမှာ အကောင်အထည်ဖော်ဖြစ်တည်လာဖို့ဆိုတာ တကယ်တော့ မလွယ်လှပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်ကြရပါတယ်။ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဆိုတဲ့ အဓိပတိတရားလေးပါး ပြည့်စုံပါမှလည်း အထွတ်အထိပ်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။**

ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ လူပုဂ္ဂိုလ်အသီးသီးကို လေ့လာကြည့်ရင် ငယ်စဉ်ကတည်းက စိတ်ကူးအိပ်မက်တွေ ကိုယ်စီကိုယ်စီရှိခဲ့ကြ၊ မက်ခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်တယ်။ အိပ်မက်တွေက ကြီးမားရင် ကြီးမားသလို ဈေးကြီးပါတယ်။ ကြီးကျယ်ခမ်းနားရင်ခမ်းနားသလို အရင်းအနှီးကလည်း ကြီးပါတယ်။

တစ်ချိန်က အမေရိကန်ပြည်ထောင်စုမှာ လူမျိုးရေးခွဲခြားမှုအဆုံးသတ်ရေးနဲ့ နိုင်ငံသားအခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ အာဖရိကန် – အမေရိကန် သင်းအုပ်ဆရာတစ်ယောက်ဖြစ်သူ မာတင်လူသာကင်းဂျူနီယာ (၁၉၂၉–၁၉၆၈)ရဲ့ အိပ်မက်ကတော့ ကြီးကျယ်ခမ်းနားသလောက် ကမ္ဘာမှာလည်း ထင်ရှားကျော်ကြားခဲ့ပါတယ်။

မာတင်လူသာကင်းဟာ ၂၈–၈–၁၉၆၈ ရက်နေ့က အလုပ်အကိုင်နဲ့ လွတ်လပ်ခွင့်အတွက် ကျင်းပတဲ့ လူထုချီတက်ပွဲမှာ ဝါရှင်တန်ဒီစီ၊ လင်ကွန်းအမှတ်တရ အဆောက်အအုံ လှေကားထစ်ကနေပြီး ထောက်ခံသူ လူပေါင်းနှစ်သိန်းခွဲကို သူ့ရဲ့စိတ်ကူးအိပ်မက်တွေနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

### တန်းတူညီမျှစွာ ပြုလုပ်ထားတယ်ဆိုတဲ့ အမှန်တရားတွေ

“ကျွန်တော် အိပ်မက်တစ်ခု မက်တယ်။ အမေရိကသားတို့ရဲ့အိပ်မက်ထဲမှာ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်နေတဲ့အိပ်မက်မျိုး။ တစ်ရက်တော့ ဒီနိုင်ငံကြီး နိုးထလာပြီး နိုင်ငံရဲ့အဆုံးအမတရားနဲ့ လျော်ညီစွာ ဖြစ်မြောက်လာမယ့် အိပ်မက်မျိုး။ လူသားအားလုံးကို ဘုရားသခင်က တန်းတူညီမျှစွာ ပြုလုပ်ထားတယ်ဆိုတဲ့ အမှန်တရားတွေကို သိသာထင်ရှားစွာ စွဲမြဲဆုပ်ကိုင်ထားရမယ်။

ကျွန်တော်အိပ်မက်တစ်ခုမက်တယ်။ ကျွန်တော့်ကလေး လေးယောက်က အသားအရောင်အသွေးနဲ့ ခွဲခြားဆက်ဆံခြင်းမပြုတဲ့နိုင်ငံ၊ ကိုယ်ကျင့်စာရိတ္တနဲ့ပဲ ခွဲခြားကြတဲ့နိုင်ငံမှာ တစ်နေ့နေထိုင်ကြမယ်ဆိုတဲ့ အိပ်မက်ပဲဖြစ်တယ်” ဆိုတဲ့ ကင်းရဲ့အိပ်မက်ကတော့ စိတ်ထိခိုက်ဝမ်းနည်းစရာ ဖြစ်ရပါတယ်။ “ကင်းရဲ့ဒီအိပ်မက် စတင်မွေးဖွားလာခဲ့ပုံကလည်း စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ရပ်တစ်ခုကစပြီး အခြေတည်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ တစ်ရက်မှာ ကင်းရဲ့ခြောက်နှစ်အရွယ် သမီးလေး ယိုလန်ဒါဟာ Funtown ဆိုတဲ့ ဒစ္စနေလန်းဒ်အငယ်စား ကလေးကစားကွင်းက တီဗွီကြော်ငြာကိုကြည့်ပြီး “ကစားကွင်းကို သွားချင်တယ်”လို့ ပူဆာခဲ့ပါတယ်။

ကင်းက “Funtown ဟာ လူမည်းကလေးတွေ မလာရဆိုပြီး တားမြစ်ထားတယ်”လို့ သမီးကို နားလည်အောင် ရှင်းပြလိုက်တဲ့အချိန်မှာတော့ ယိုလန်ဒါလေးဟာ မျက်ရည်တွေ စီးကျလာတယ်လို့ ဆိုပါတယ်။

ကင်းက “ကျွန်တော် ကြုံခဲ့ဖူးသမျှထဲမှာ စိတ်အထိခိုက်ရဆုံးအဖြစ်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီအခိုက်အတန့်လေးအတွင်းမှာပဲ နုနယ်လှတဲ့ သမီးရဲ့စိတ်သန္တာန်မှာ နိမ့်ကျသိမ်ငယ်ခြင်းဆိုတဲ့ တိမ်တိုက်မည်းကြီးတွေ ပထမဆုံးအကြိမ်အဖြစ် ဖုံးလွှမ်းခံလိုက်ရပြီး မသိစိတ်မှာအလိုလိုပေါ်ပေါက်လာတဲ့ လူဖြူတွေကို ခါးသီးမုန်းတီးခြင်းဆိုတဲ့ စိတ်ကြောင့် သမီးရဲ့ကိုယ်ရည်ကိုယ်သွေးကို စတင်စွန်းထင်းပုံဖျက်စေခဲ့ပြီဆိုတာကို ကျွန်တော်ရိပ်မိလိုက်တာကြောင့်ပါပဲ။ အဲဒီမှာ အသားအရောင်ကို အခြေခံတဲ့ လူ့အာဃာတတရားဆိုတာကို သမီး ပထမဆုံးကြားဖူးသွားတယ်။ ဒါပေမဲ့ ခါးသီးရှုံ့ရှာမှုတွေနဲ့အတူ ကျွန်တော့်သမီးလေး လူလားမြောက်မလာစေဖို့က ကျွန်တော့်အတွက် သေမလောက်အရေးကြီးတဲ့ကိစ္စပါပဲ” လို့ ပြန်ပြောင်းပြောဆိုခဲ့ပါတယ်။


ဒါကြောင့်ပဲ မာတင်လူသာကင်းဟာ သူ့ရဲ့နာမည်ကျော်မိန့်ခွန်းမှာ “ကျွန်တော် အိပ်မက်တစ်ခု မက်တယ်”ဆိုတဲ့စာသားကို ရှစ်ကြိမ်အထိ သုံးစွဲပြောကြားသွားခဲ့ပါတယ်။ သူ့ရဲ့စိတ်ကူးအိပ်မက်တွေဟာ ကြီးကျယ်ခမ်းနားခဲ့သလို အရင်းအနှီးကလည်း ကြီးမားခဲ့ပါတယ်။ ဘဝတစ်လျှောက်လုံး မကြာခဏ ဖမ်းဆီးခံရ၊ အနှောင့်အယှက်ခံရနဲ့ အဆုံးမှာတော့ ၄–၄–၁၉၆၈ ရက်နေ့မှာ အစွန်းရောက်လူဖြူတစ်ဦးရဲ့သေနတ်နဲ့ ပစ်ခတ်လုပ်ကြံမှုကြောင့် အသက်ပေးဆပ်သွားခဲ့ရပါတယ်။

### အမေရိကန်နိုင်ငံရဲ့ ၄၄ ဦးမြောက်သမ္မတ

ဒါပေမဲ့ မာတင်လူသာကင်းရဲ့ အိပ်မက်တွေကတော့ သူမက်ခဲ့တဲ့အတိုင်း အနာဂတ်မှာ အကောင်အထည်ဖော် ဖြစ်တည်လာခဲ့ပါတယ်။ အာဖရိကန်–အမေရိကန်သား ဘားရတ်အိုဘားမားဆိုရင် အမေရိကန်နိုင်ငံရဲ့ ၄၄ ဦးမြောက် သမ္မတအဖြစ် တက်လှမ်းနိုင်ခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ ပထမဆုံးသော အာဖရိကန်–အမေရိကန် သမ္မတဖြစ်လာခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့သမိုင်းမှာ အသက်အငယ်ဆုံးသမ္မတတစ်ဦးဖြစ်တဲ့ ဂျွန်အက်ဖ်ကနေဒီရဲ့အိပ်မက်ဟာလည်း ကြီးကျယ်ခမ်းနားပါပေတယ်။ ရွေးကောက်ပွဲမှာ အကြံပေးတွေက ကနေဒီကို ဒုတိယသမ္မတနေရာကို အရင်ဆုံးဝင်ရောက်ယှဉ်ပြိုင်ဖို့ပြောတဲ့အခါမှာ ကနေဒီက “ပထမနေရာရှိလျက်သားနဲ့ ဒုတိယနေရာကို ဝင်ရောက်မယှဉ်ပြိုင်နိုင်ဘူး။ ပထမနေရာအတွက် အရည်အချင်းမမီသေးရင် မီအောင်ကြိုးစားမယ်”လို့ ဆိုပါတယ်။ သူ့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စိတ်ကူးအိပ်မက်နဲ့ကြိုးစားမှုကြောင့်ပဲ ကနေဒီဟာ အမေရိကန်နိုင်ငံရဲ့ ၃၅ ဦးမြောက် သမ္မတ (၁၉၆၁–၁၉၆၃) တစ်ဦး ဖြစ်လာခဲ့ပါတယ်။

> **“ဝပ်ဆင်ဝပ်ဟာ ငယ်စဉ်ကတည်းက သိပ္ပံစမ်းသပ်မှုတွေပြုလုပ်ဖို့ ဝါသနာထုံပြီး ပထမကမ္ဘာစစ်ဖြစ်စကာလအတွင်း အစိုးရမိုးလေဝသဌာနမှာ ထူးချွန်တဲ့ လူငယ်အင်ဂျင်နီယာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရေဒီယိုကိုအသုံးပြုပြီး မိုးကြိုးမုန်တိုင်းကိုခန့်မှန်းကာ လေယာဉ်များအား ကြိုတင်သတိပေးနိုင်မယ့်အစီအစဉ်ကို ဝပ်ဆင်ဝပ်က ကြံဆနိုင်ခဲ့”**




ပြင်သစ်စာရေးဆရာကြီး ဂျူးလ်စ်ဗန်း (၁၈၂၈–၁၉၀၅) ရဲ့ စိတ်ကူးအိပ်မက်ကတော့ အတိုင်းထက်အလွန် ကမ္ဘာမြေကိုတောင် ကျော်လွန်သွားခဲ့ပါတယ်။ ဆရာကြီး ဂျူးလ်စ်ဗန်းဟာ အနာဂတ်ကို ရည်မျှော်သော သိပ္ပံဝတ္ထုကြီးတွေ ရေးသားရာမှာ ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ စိတ်ကူးယဉ်သိပ္ပံဝတ္ထုတွေအနက် From The Earth To The Moon (ကမ္ဘာမြေမှလဗိမာန်သို့) ဝတ္ထုမှာတော့ လကမ္ဘာကို ဒုံးယာဉ်ပျံနဲ့လူသားတို့သွားရောက်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ပြီးရေးသားခဲ့ပါတယ်။

နှစ်ပေါင်း ၅၀ ကျော်တဲ့အခါမှာတော့ ဆရာကြီး ဂျူးလ်စ်ဗန်းရဲ့ စိတ်ကူးအိပ်မက်တွေဟာ အမှန်တကယ်ပဲ အသက်ဝင်လာခဲ့ပါတယ်။ ဆိုဗီယက် အာကာသယာဉ်မှူး ယူရီဂါဂါရင်ဟာ ၁၉၆၁ ခုနှစ်မှာ ဒုံးပျံအာကာသယာဉ်နဲ့ ပြင်ပအာကာသသို့ ပထမဆုံးသွားရောက်နိုင်သူတစ်ဦး ဖြစ်လာခဲ့ပါတယ်။

ကွယ်လွန်သူဆရာကြီး ဂျူးလ်စ်ဗန်းရဲ့ တူမဖြစ်သူ ခရစ္စတင်းက အာကာသယာဉ်မှူး ယူရီဂါဂါရင်ထံပေးပို့တဲ့ ကြေးနန်းသဝဏ်လွှာမှာ “ဂျူးလ်စ်ဗန်းရဲ့ တူမတစ်ယောက်အနေနဲ့ ရှင့်ရဲ့စွမ်းဆောင်ချက်ကို ကျွန်မချီးကျူးဂုဏ်ယူကြောင်း ပြောပါရစေ။ ကျွန်မဦးကြီး စိတ်ကူးယဉ်အိပ်မက် မက်ခဲ့တာကို ရှင်တို့က လက်တွေ့အဖြစ် ပြောင်းလဲလိုက်ပါပြီ။ သူသာ အသက်ထင်ရှားရှိနေဦးမယ်ဆိုရင် ခုနေခါ သူလည်းပဲ ရှင်တို့နဲ့အတူ ပျော်မဆုံးအောင်ရှိနေမှာပါ။ ရှင်တို့ အင်မတန်တော်ပါပေတယ်”လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ရေဒီယိုဖြင့်ရှာဖွေထောက်လှမ်းခြင်းနှင့် အကွာအဝေးတိုင်းခြင်းနည်းလမ်း (Radio Detecting and Ranging)ဆိုတဲ့ RADAR ကို စတင်တီထွင်ခဲ့သူ ရောဘတ်အလက်ဇန္ဒာဝပ်ဆင်ဝပ်ရဲ့ စိတ်ကူးအိပ်မက်တွေကလည်း ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ သူ့နိုင်ငံ ဗြိတိန်ကို ရေဒါကွန်ချာနဲ့ လွှမ်းအုပ်ကာ ရန်သူလေယာဉ်တွေရဲ့ရန်ကကာကွယ်ပေးနိုင်ခဲ့ပါတယ်။

### ရောင်ပြန်ဟပ် ရေဒီယိုလှိုင်းတွေရဲ့ အရိပ်ကိုတွေ့ရှိခဲ့

ဝပ်ဆင်ဝပ်ဟာ ငယ်စဉ်ကတည်းက သိပ္ပံစမ်းသပ်မှုတွေပြုလုပ်ဖို့ ဝါသနာထုံပြီး ပထမကမ္ဘာစစ်ဖြစ်စကာလအတွင်း အစိုးရမိုးလေဝသဌာနမှာ ထူးချွန်တဲ့ လူငယ်အင်ဂျင်နီယာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရေဒီယိုကို အသုံးပြုပြီး မိုးကြိုးမုန်တိုင်းကို ခန့်မှန်းကာ လေယာဉ်များအား ကြိုတင်သတိပေးနိုင်မယ့်အစီအစဉ်ကို ဝပ်ဆင်ဝပ်က ကြံဆနိုင်ခဲ့ပါတယ်။ ၁၉၃၂ ခုနှစ်မှာတော့ ဖြတ်သန်းပျံသန်းနေတဲ့ လေယာဉ်က ရောင်ပြန်ဟပ် ရေဒီယိုလှိုင်းတွေရဲ့အရိပ်ကိုတွေ့ရှိခဲ့ပြီး လေယာဉ်ကို ရေဒီယိုလှိုင်းနဲ့ ထောက်လှမ်းနိုင်ကြောင်း သိရှိသွားခဲ့ပါတယ်။ ဝပ်ဆင်ဝပ်ဟာ ရေဒါကို စတင်မွေးဖွားနိုင်ခဲ့ပါပြီ။

ဒုတိယကမ္ဘာစစ်ကာလမှာတော့ ဝပ်ဆင်ဝပ်ရဲ့ ရေဒါအစွမ်းနဲ့ ရန်သူလေယာဉ်တွေ လာနေတာကို ကြိုသိလာရုံမက တည်နေရာကိုပါ ထောက်လှမ်းနိုင်တဲ့အတွက် လက်ဦးမှုရယူပြီး တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နာဇီဂျာမနီရဲ့လေတပ်ဟာ အဆုံးအရှုံးများလာတဲ့အတွက် ဗြိတိန်နိုင်ငံအပေါ် လေကြောင်းဆင်နွှဲနေမှုကို ရပ်ဆိုင်းခဲ့ရပါတယ်။

### ရေဒါကို တီထွင်ခဲ့ကြသည့် သိပ္ပံပညာရှင်များ

စစ်ကြီးပြီးဆုံးတဲ့နောက်မှာ ဂျာမန်ရေတပ် ဗိုလ်ချုပ်ဒိုးနစ်ဇ်က “အဏုမြူဗုံးပြီးလျှင် ဒုတိယအကောင်းဆုံးလက်နက်ဖြစ်သည့် ရေဒါသည် မဟာမိတ်တပ်များ စစ်အောင်နိုင်ရေးအတွက် အဆုံးအဖြတ်ပေးသည့်လက်နက်ဖြစ်သည်။ ရေဒါကို တီထွင်ခဲ့ကြသည့် သိပ္ပံပညာရှင်များသည် သူတို့တိုင်းပြည်၏ ကယ်တင်ရှင်များပင် ဖြစ်တော့သည်”လို့ ရေးသားခဲ့ပါတယ်။

ရေဒါစွမ်းအင်ကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့တာကြောင့် ၁၉၄၁ ခုနှစ်မှာ ဆာဘွဲ့ချီးမြှင့်ခံခဲ့ရတဲ့ ဆာဝပ်ဆင်ဝပ်ကတော့ “ကျွန်ုပ်တို့သည် မိမိတို့တိုင်းပြည်အား တိုင်းတစ်ပါးမှ ကျူးကျော်မှုကို ကာကွယ်နိုင်ရန် အသိစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသည်”လို့ ဆိုပါတယ်။

အားကစားနယ်ပယ်တစ်ခုဖြစ်တဲ့ ဘောလုံးလောကက ပီလီ၊ မာရာဒိုနာ၊ ရိုနယ်ဒို (ဒိုကြီး)၊ ရော်နယ်ဒင်ဟို၊ မက်ဆီ၊ ရိုနယ်ဒို(ဒိုလေး)စတဲ့ ကမ္ဘာကျော်တွေဟာလည်း သူတို့ရဲ့ စိတ်ကူးအိပ်မက်တွေ အမှန်တကယ် မွေးဖွားဖြစ်တည်နိုင်ဖို့ ငယ်စဉ်ကတည်းက လူငယ်အကယ်ဒမီသင်တန်းကျောင်းတွေမှာ အရင်းအနှီးများစွာ ပေးဆပ်ခဲ့ကြရတာပါပဲ။ လက်ရှိ နော်ဝေနဲ့ မန်စီးတီးတိုက်စစ်မှူး ဟာလန်းဆိုလည်း တစ်ချိန်က သူ့ဖခင်ကစားခဲ့တဲ့ မန်စီးတီးအသင်းနဲ့အတူ အောင်မြင်မှုတွေဆွတ်ခူးရယူလိုတဲ့ စိတ်ကူးအိပ်မက်တွေကြောင့်ပဲ ဂျာမန်ဘွန်ဒါလီဂါလိဂ်ကနေ အင်္ဂလန်ပရီးမီးယားလိဂ်ကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

အသက် (၂၃) နှစ်သား ဟာလန်းရဲ့အိပ်မက်တွေဟာ အချိန်တိုအတွင်း အသက်ဝင်လာခဲ့တယ်လို့ ဆိုရပါမယ်။ ၂၀၂၂–၂၀၂၃ ဘောလုံးရာသီမှာ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်၊ ပရီးမီးယားလိဂ်၊ အက်ဖ်အေရှုံးထွက်ဖလားအပါအဝင် တစ်ရာသီတည်းမှာ ဖလားသုံးလုံးဆွတ်ခူးရယူနိုင်ခဲ့ပြီး ဟာလန်းကိုယ်တိုင်လည်း တစ်နှစ်တာ ဥရောပ အကောင်းဆုံးအားကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဆိုရရင် နယ်ပယ်အသီးသီး၊ အလွှာအသီးသီးက ထင်ရှားကျော်ကြားအောင်မြင်သူတိုင်းမှာ ဆိုင်ရာဆိုင်ရာ စွဲလမ်းတပ်မက်မှုတွေ၊ ရူးသွပ်မှုတွေ၊ စိတ်ကူးစိတ်သန်းအိပ်မက်တွေ ကိုယ်စီရှိခဲ့ကြတာချည်းပါပဲ။

iPhone၊ iPad၊ i–Tune စတဲ့ ဖန်တီးမှုလက်ရာတွေ တစ်ခုပြီးတစ်ခု တီထွင်ခဲ့ကာ Apple ကုမ္ပဏီရဲ့ CEO တစ်ဦးဖြစ်ခဲ့သူ စတိဗ်ဂျော့က စွန့်ဦးတီထွင်သူတစ်ယောက်ဖြစ်ချင်လို့ပါဆိုပြီး လာပြောကြတဲ့ လူငယ်တွေကို “မင်းမှာ ဘာအိုင်ဒီယာရှိသလဲ” လို့ မေးလေ့ရှိပြီး “ဘာအိုင်ဒီယာမှ မရှိသေးပါဘူး”လို့ ဖြေတဲ့အခါမျိုးမှာ “မင်းမှာ အရူးအမူးစွဲလမ်းတပ်မက်ရမယ့် ရမ္မက်တစ်ခု (တစ်နည်းအားဖြင့် စိတ်ကူးအိပ်မက်တစ်ခု) ရှာမတွေ့သေးမချင်း ဘတ်စ်ကားလက်မှတ်စစ်လို အလုပ်မျိုးပဲဖြစ်ဖြစ် ရှာပြီးတော့သာ လုပ်နေပေတော့”လို့ ပြောတတ်ပါတယ်။

မြန်မာလူငယ်မောင်မယ်၊ သားတို့သမီးတို့မှာလည်း ဘယ်လိုစိတ်ကူးအိပ်မက်တွေ ရှိနေပါသလဲ။ ကမ္ဘာကျော်မယ့်စိတ်ကူးအိပ်မက်တွေလား၊ ကိုယ့်အလွှာနယ်ပယ်အသီးသီးမှာ အောင်မြင်ကျော်ကြားလိုတဲ့စိတ်ကူးအိပ်မက်တွေလား။ ကြီးကျယ်ခမ်းနားတဲ့ စိတ်ကူးအိပ်မက်မှန်သမျှကတော့ ဈေးကြီးပါတယ်။ ။

# နေပြည်တော် ပျဉ်းမနားမြို့နယ် အထက(၁)၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် အတတ်ပညာ၊ အသိပညာကြွယ်ဝပြီး အတွေးအခေါ် အလုပ်အကိုင်မှန်ကန်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့ဘဝ အဆင်ပြေနိုင်ပြီး မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံကို ကောင်းကျိုးပြုနိုင်ကြမည်ဖြစ်ကြောင်း၊ ပညာရှာသင့်သည့်အရွယ်တွင် ပညာကို စူးစိုက်ရှာဖွေလေ့လာသင်ယူကြရန်လိုကြောင်း၊ အခြေခံအားဖြင့် စာတတ်ရန်၊ အတန်းပညာတတ်မြောက်ရန် လိုအပ်ပြီး ၎င်းကမှ တစ်ဆင့် အသိပညာဗဟုသုတပြည့်စုံအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ငယ်စဉ်ကပင် အကျင့်စာရိတ္တကောင်းမွန်အောင် လေ့ကျင့်ကြရမည် ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၏ ရည်မှန်းချက်အတိုင်း စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ပညာတတ်လူငယ်များဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဟုဆိုရာတွင် ပညာတတ်မြောက်ရုံဖြင့် မလုံလောက်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးကို မြှင့်တင်ဖော်ဆောင်ပေးလျက် ရှိကြောင်း၊ ဘက်စုံပညာရေး၏ အဓိပ္ပာယ်မှာ ကျယ်ပြန့်ကြောင်း၊ စဉ်းစားတွေးခေါ်သုံးသပ်မှု၊ တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ လူမှုဆက်ဆံရေး၊ ဦးဆောင်တတ်မှု၊ လောကနီတိဆိုင်ရာအပြုအမူ၊ ကျန်းမာကြံ့ခိုင်မှု စသည်တို့လည်း ပါဝင်ကြောင်း၊ ပင်ကိုအရည်အသွေးများ မြှင့်တင်ပေးကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးလျက်ရှိရာ ဆရာ၊ မိဘ၊ အုပ်ထိန်းသူများ၏ သွန်သင်ဆုံးမမှုများဖြင့် နိုင်ငံတော်က အားထားရမည့် ပညာပြည့်ဝနှလုံးလှပြီး ဗလငါးတန်နှင့်ပြည့်စုံသော သားကောင်းရတနာများဖြစ်ကြရန် လေ့လာသင်ယူကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်က လက်ခံရယူသည်။

၎င်းနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade –3 မှ ကျောင်းသား ကျောင်းသူများက ၃၈ ဖြာ မင်္ဂလာကဗျာဖြင့် သီဆိုကြသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့် မျိုးချစ်စိတ်ခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဟောပြောသည်။ ၎င်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူလူငယ်များအား ဗဟုသုတရရှိစေရန် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် အသိပညာပေးစာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)က ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း စသည့် ပျော်ရွှင်ဖွယ် Game များ ကစား၍ အနိုင်ရရှိသူအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရေဝတီ)မိသားစုနှင့် ကျောင်းအကျိုးတော်ဆောင်များက လှူဒါန်းသော ဘောလ်ပင်၊ စာအုပ်နှင့် မုန့်ပဲသရေစာများ အသီးသီးချီးမြှင့်ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်(IPRD)**

# အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးလှုပ်ရှားမှု ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသား စီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ဘက်စုံခန်းမ၌ လူငယ်သီတင်းပတ်ကို စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက အဖွင့်အမှာစကား ပြောကြားသည်။ လူငယ်သီတင်းပတ် အတွင်း၌ စက်တင်ဘာ ၄ ရက်တွင် မိတ္တဗလအတွက် ကျောင်းသား ကျောင်းသူများ၏ လူငယ်နှင့် ဂီတအစီအစဉ်၊ စက်တင်ဘာ ၅ ရက်တွင် ကာယဗလအတွက် အေရိုးဗစ်နှင့် Zumba အားကစား သရုပ်ပြပွဲ၊ စက်တင်ဘာ ၆ ရက်တွင် ဉာဏဗလနှင့် ဘောဂဗလအတွက် ဒေါ်ဆွေဇင်ထိုက်က SMART & VUCA ခေါင်းစဉ်ဖြင့် သိမှတ်ဖွယ်ရာများ ဟောပြောခြင်းနှင့် စက်တင်ဘာ ၇ ရက်တွင် စာရိတ္တဗလအတွက် စာရေးဆရာကောင်းသန့်က စာရိတ္တဆိုင်ရာနှင့် စပ်လျဉ်း၍ ဟောပြောခဲ့သည်။ ယင်းနောက် ပိုစတာပြပွဲကို ကျင်းပရာ အထူးပြုဘာသာရပ် အသီးသီး၏ ဘာသာရပ်ဆိုင်ရာ ထူးချွန်ကျော်ကြားသူများ၏ အဆိုအမိန့်များ၊ စွန့်ဦးတီထွင် ပညာရှင်များ အကြောင်းသရုပ်ဖော်ထားသည့် ပိုစတာများပြသခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုဘာသာရပ်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာဘာသာရပ်၊ သတင်းအတတ်ပညာဘာသာရပ်၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုဘာသာရပ်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဘာသာရပ် အထူးပြုဘာသာရပ် ငါးခုမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ကြေးမုံ**





# လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဖလမ်း စက်တင်ဘာ ၁၁**

ချင်းပြည်နယ် ဖလမ်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၈ ရက်က ဖလမ်းမြို့ တလန်လိုရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ကြသည်။

**အသိပညာပေးဟောပြော**

လူငယ်အသိပညာပေးဟောပြောပွဲတွင် ဖလမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိန်းတမ်က လူငယ်နှင့် မျက်မှောက်ခေတ်စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဖလမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဝင်းက မူခင်းကျဆင်းရေးနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်များ သိကောင်းစရာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယရဲမှူးသိန်းဇော်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဥပဒေပြစ်မှုပြစ်ဒဏ်များနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး သိကောင်းစရာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမာန်မနားက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးဟုမ်ဇထန်းကလူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးဗန်ဘွဲ့သျှန်က ဆယ်ကျော်သက်အရွယ်နှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**ရဲမြင့်အောင်**

# မိုးနဲမြို့ အလကမြို့မကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုးနဲ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က အဖွင့်အမှာစကား



နှင့် ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေးကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက နိုင်ငံတော်၏လူမှုရေးဦးတည်ချက် တတိယအချက်တွင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးကို ချမှတ်ထားပါကြောင်း၊ လူငယ်များအနေဖြင့် ဗဟုသုတတိုးပွားရေးအတွက် စာပေကိုများများဖတ်ရှုလေ့လာစေလိုကြောင်းကို လည်းကောင်း၊ မြို့နယ်အားကစားမှူး ဒေါ်နန်းသန်းသန်းစိုးက လူငယ်နှင့်အားကစားမြှင့်တင်ရေးကို လည်းကောင်း အသီးသီးရှင်းလင်းပြောကြားပြီး မြို့မအလက ကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီမိုးစက်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ချိတ်ဆွဲပြသထားသော လူကုန်ကူးမှုအန္တရာယ်ကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူလေးများက စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ရုရှားနိုင်ငံသို့ မကြာမီရက်များအတွင်း တရားဝင်ခရီးစဉ် လာရောက်လည်ပတ်မည်

**မော်စကို စက်တင်ဘာ ၁၁**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ မကြာမီရက်များအတွင်း တရားဝင်ခရီးစဉ်အဖြစ် လာရောက်လည်ပတ်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပတ်စကော့ဗ်က ထပ်လောင်းပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူတို့အကြား ပြုံယမ်းတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းလုံခြုံရေးကိစ္စရပ်များကို ဇူလိုင်လအတွင်းက ဆွေးနွေးခဲ့ကြပြီး ပြုံယမ်းတွင် ကျင်းပသည့် အကြိမ် (၇၀) မြောက် ကိုရီးယားစစ်ပွဲပြီးဆုံးခြင်း အခမ်းအနားသို့ ဆာဂျီရှိုဂူ တက်ရောက်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၂၀၁၉ ခုနှစ်က ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့သို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

**ကိုးကား - စပွတ်ညစ်**
**ဘာသာပြန် - စိုးသူရ**



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ၂၀၁၉ ခုနှစ် ဧပြီလက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် တွေ့ဆုံစဉ်။

## ရုရှားနိုင်ငံမှ လောင်စာဆီဝယ်ယူရာတွင် လက်ရှိအချိန်၌ မြန်မာနိုင်ငံက ယွမ်ငွေဖြင့် ပေးချေမည်



**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံမှ လောင်စာဆီများ ဝယ်ယူရာ၌ လက်ရှိအချိန်တွင် ယွမ်ငွေဖြင့် ပေးချေမည်ဖြစ်ကြောင်း (၈) ကြိမ်မြောက် ရုရှားအရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရုရှားနိုင်ငံ စပွတ်ညစ်သတင်းဌာနအား ပြောကြားခဲ့သည်။

ထို့ပြင် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ငွေကြေးသုံးစွဲမှုဆိုင်ရာ သဘောတူညီချက်တစ်ခု ရရှိနိုင်ရန်အတွက်လည်း ပြင်ဆင် ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် လောင်စာဆီများ ဝယ်ယူရေးအတွက် ရူဘယ်ငွေကြေးကို မသုံးစွဲဘဲ ယွမ်ငွေဖြင့်သာပေးချေရန် ဆောင်ရွက်မည်ဖြစ်သော်လည်း မကြာမီကာလတွင် မြန်မာနိုင်ငံသုံးငွေကြေး ကျပ်ငွေနှင့် ရုရှားနိုင်ငံသုံးငွေကြေး ရူဘယ်ငွေတို့အကြား ငွေကြေးတန်ဖိုး ချိန်ညှိသုံးစွဲနိုင်ရေးအတွက် ငွေကြေးဆိုင်ရာ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် ကျင်းပသည့် (၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးတွင် ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် ရုရှားနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ၎င်းဆက်စပ်အစည်းအဝေးတွင်ရရှိမည်ဟု မိမိမျှော်လင့်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မှတ်ချက်ပြုပြောကြားသည်။

မြန်မာနိုင်ငံသည် ရုရှားနိုင်ငံထံမှ လောင်စာဆီများကို စတင်ဝယ်ယူနေပြီဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စပွတ်ညစ်သတင်းဌာနသို့ ပြောကြားသည်။

ရုရှားနိုင်ငံမှ ငွေကြေးများကို လွှဲပြောင်းသုံးစွဲနိုင်သည့် Russian Mir payment system မှ ထုတ်လုပ်သည့် ငွေပေးချေမှု ကတ်များကို မြန်မာနိုင်ငံတွင် အောက်တိုဘာလမှစတင်၍ လက်ခံသုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မှတ်ချက်ပြု ပြောကြားသည်။

၎င်းကတ်ပြားများအား သုံးစွဲရေးအတွက် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်ခြောက်ခုတို့အကြား သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားသည်။

**ကိုးကား - စပွတ်ညစ်**
**ဘာသာပြန် - စိုးသူရ**

## ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်မည်

**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်နိုင်ငံဝန်ကြီးချုပ်လီချန်း၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်သည် တရုတ်နိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အတွင်း တရားဝင်ခရီးစဉ်အဖြစ် လာရောက်လည်ပတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မော်နင်းက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

၎င်းခရီးစဉ်အတွင်း ဝန်ကြီးချုပ်ဟွန်မာနက်အား တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် လီချန်းနှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ဇောင်လီဂျီတို့က လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း နေ့စဉ်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်မော်နင်းက ထပ်လောင်းပြောကြားသည်။

ယခုခရီးစဉ်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် ရာထူးတာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပထမဆုံးလာရောက်သည့် တရားဝင်ခရီးစဉ်တစ်ခုဖြစ်ပြီး ၎င်းဦးဆောင်သည့်ကမ္ဘောဒီးယားအစိုးရသစ်၏ တရုတ်-ကမ္ဘောဒီးယားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးအပေါ်အလေးထားကြောင်း ဖော်ပြသည့် ခရီးစဉ်လည်းဖြစ်ကြောင်း မော်နင်းက မှတ်ချက်ပြုပြောကြားသည်။

ယခုနှစ်သည် တရုတ်-ကမ္ဘောဒီးယား သံတမန်ရေးရာဆက်ဆံရေး တည်ထောင်ခြင်း (၆၅) နှစ်မြောက်ဖြစ်သည့်အတွက် တရုတ်နိုင်ငံသည် ၎င်းကိုအခြေခံ၍ လာမည့်နှစ်များတွင် တရုတ်-ကမ္ဘောဒီးယား ပြီးပြည့်စုံသည့် မဟာဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဆောင်ရွက်ရန်မျှော်လင့်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပါးနှင့်ငါးဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံအကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ခေတ်သစ်တွင် ဘုံအကျိုးစီးပွားကို မျှဝေခံစားနိုင်မည့် အနာဂတ်ကို တရုတ်-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မော်နင်းက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**




## ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးတင်ပို့မှု ယခုနှစ်ပထမရှစ်လအတွင်း ၂၀ ရာခိုင်နှုန်းမြင့်တက်

**ဟနွိုင်း စက်တင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးတင်ပို့မှုသည် ယခုနှစ်ပထမရှစ်လတာကာလအတွင်း တန်ချိန် ခြောက်သန်းနီးပါးအထိ မြင့်တက်လာခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဌာန၏ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဆန်စပါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံဝင်ငွေရရှိခဲ့ခြင်းကြောင့် ဝင်ငွေအားဖြင့် ၃၄ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် ယခုနှစ်အတွင်း ဆန်စပါးတန်ချိန် ၇ ဒသမ ၅ သန်းနှင့် ၇ ဒသမ ၈ သန်းအကြား တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။

ဗီယက်နမ်နိုင်ငံစားရေရိက္ခာအဖွဲ့၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံက တင်ပို့ခဲ့သည့် ဆန်စပါးများ၏ ဈေးနှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးတွင်ရှိနေဆဲဖြစ်ပြီး ဆန်အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## (၈) ကြိမ်မြောက် ရုရှားအရှေ့ဖျားစီးပွားရေးဖိုရမ် ကျင်းပ

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၁**

(၈) ကြိမ်မြောက် ရုရှားအရှေ့ဖျားစီးပွားရေးဖိုရမ်ကို ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁၀ ရက်က စတင်ကျင်းပခဲ့သည်။

၎င်းဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသတွင်း စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးကို မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဖိုရမ်သို့ မီဒီယာဆိုင်ရာကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ် ၇၀၀၀ ခန့်တက်ရောက်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အရှေ့ဖျားဒေသဆိုင်ရာ သမ္မတ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် အထူးကိုယ်စားလှယ် ယူရီ ထရွတ်နက်ဗ်က ပြောကြားသည်။

အဆိုပါ ဖိုရမ်တွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အဦ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ ပါဝင်သည့် ပြပွဲ ၆၀ ကျော်ကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

၎င်းဖိုရမ်၏ စက်တင်ဘာ ၁၂ ရက်တွင်ကျင်းပမည့် မျက်နှာစုံညီအစည်းအဝေးတွင် ရုရှားသမ္မတပူတင် တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပတ်စကော့ဗ်က မှတ်ချက်ပြု ပြောကြားသည်။

၎င်းဖိုရမ်ကို ရုရှားနိုင်ငံ Roscongress Foundation က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဖိုရမ်တွင် ပြုလုပ်မည့်ဆွေးနွေးပွဲများအတွင်း နိုင်ငံရေးသမားများ၊ စီးပွားရေးပညာရှင်များနှင့် ကျွမ်းကျင်သူများက ရုရှားအရှေ့ဖျားဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဟိုင်းကြီးကျွန်းအနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်တိမ်းစောင်းမှုဖြစ်ပွားခဲ့သည့် ကုန်တင်ရေယာဉ်အား တပ်မတော်(ရေ)က ကူညီကယ်ဆယ်

နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် ည ၁၁ နာရီခန့်တွင် ဟိုင်းကြီးကျွန်း၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ၌ ကုန်တင်ရေယာဉ်တစ်စင်း ရေဝင်တိမ်းစောင်းမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသဖြင့် သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာသည့် MV ရွှေအိမ်သည်အမည်ရှိ ကုန်တင်ရေယာဉ်အား တွေ့ရှိခဲ့သည်။



အဆိုပါရေယာဉ်သည် ရာသီဥတုဆိုးရွားကာ လှိုင်းလေပြင်းထန်ခြင်းကြောင့် ရေယာဉ်ပေါ်တွင် တင်ဆောင်လာသော ဘိလပ်မြေအိတ်တန် ၄၀၀၀ ခန့်မှာ ရွှေ့လျား၍ ရေယာဉ်တိမ်းစောင်းကာ စက်ခန်းအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်လှေ၏ စက်ခန်းအတွင်း ရေဝင်ရောက်မှုအား ရေစုပ်ထုတ်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aye Thet Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ အေးသက်မိုးအား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထက(ခွဲ)လသာကုန်း၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းဇော်တို့ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများ၏ Internet ပေါ်က စာမျက်နှာများ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် အားပေးများအား ထိရောက်စွာ ဖော်ထုတ်အရေးယူနိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၉-၂၀၂၃ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တာသုတ်၊ ရတနသုတ် တေဇောသုတ်၊ အန္တရာယ်ကင်းပရိတ် တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ တောင်ပေါ်ဒေသနောင်ချိုအလှ
- ၀၉:၄၀ Sports Diary
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၄၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၄၂)
- ၁၄:၄၅ မျိုးဗုက်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၁၆)
- ၁၆:၃၅ လူကုန်ကူးမှုဆိုင်ရာအသိပညာမြင့်မားရေး စကားပိုင်းဆွေးနွေးပွဲ (ပထမပိုင်း)
- ၁၇:၂၀ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၇:၄၅ Success Story(DAYANG သုံးဘီး)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း **'ဖြူးထိသွားသောမုဆိုး'** (လူကုန်ကူးဇာတ်လမ်း)
- ၁၉:၃၅ အရှေ့အလယ်ပိုင်းကအမှောင်ထု
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၁၅)
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သောအချိန်စက်ဝန်း'** (အပိုင်း-၂၅)

### mitv

- 07:02 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) (Full Moon Day of Kahsone)
- 07:14 Myanmar's Traditional Ceramics
- 07:36 Myanmar Guitarist
- 08:01 News
- 08:26 Moe Ma Kha Elephant Camp (Ngwe Saung)
- 08:49 Historic Of Kyaukka Shwe Gu Ni Pagoda
- 09:01 Topical Science Topic (Current Life Expectancy and Longevity)
- 09:08 Listening Pleasure, Instrumental Music (Don Min) Don Min & Banjo Combination (Than Son Tee Nyunt)
- 09:41 Hsig Khaung Village In Hsihseng
- 09:52 Snake Dancer
- 10:01 News
- 10:27 Artistic Values & Aesthetic Traditions

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** အပန်းဖြေကြမည့်သဘာဝကျောက်ပန်းချီကမ်းခြေဆီ
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** လီဆူရိုးရာစားလေ့ကားတက်ပွဲ
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** ဒဏ္ဍာရီဆန်တဲ့ကြတ်ဂူဆီသို့
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ကရင်ဖြူမျိုးနွယ်စုများနေထိုင်ရာတောင်တန်းဒေသ
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့မြောင်းမြမြို့ဟောင်း
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်ရိုးရာဘဲသားဆန်ပြုတ်
- **ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ချင်းဘာသာစကားပြောကြရအောင်
- **ချင်း (ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)** ဝိတိုရိတောင်(ခေါ်)ခေါ်နူးစုမ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-49)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ယူနန်ရဲ့ဟုန်ဒေသ (အပိုင်း-၇)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကွက်လပ်ဖြည့်ပါ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၃)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ အာဟာရနေ့စဉ်ဖြည့်စွက် သဘာဝဆေးကောင်းတစ်လက် (လီမွှော်သီးအကြောင်း)
- ၀၆:၃၅ တို့ဓလေ့နှင့်တို့သဘာဝ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၀၀ Rose - Queen of Flowers - Go Wild
- ၂၂:၀၀ ညို့ (ဇာတ်လမ်း)
- ၂၃:၃၀ Small Farm Rising Family Farm Chores

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရှေးရောင်မျိုးဆက်သစ်များနှင့် တွေ့ဆုံခြင်း
- ၀၇:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၅ ဂုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ

**ပဲခူး စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သောလူငယ်စကားဝိုင်းကိုပဲခူးတက္ကသိုလ်စုဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံ၏ အနာဂတ်ကို ဆက်လက်တာဝန်ယူသွားမည့် လူငယ်များအနေဖြင့် ဗလငါးတန်ဖွံ့ဖြိုးစေရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လူငယ်များကလည်း အသိပညာဗဟုသုတပြည့်စုံစေရန်၊ အမှား/အမှန် ကောင်းကျိုးဆိုးပြစ်များကို ဝေဖန်ပိုင်းခြားနိုင်ရန်နှင့် နောင်တစ်ချိန် နိုင်ငံ့တာဝန်များကို ထမ်းဆောင်သည့်အခါ ရဲရင့်ယုံကြည်စွာဖြင့် အများအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော၊ တိုင်းပြည်ကအားထားရသော သားကောင်းသမီးမွန်များဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က "တိုင်းပြည်အနာဂတ်အတွက် လူငယ်များ၏အရေးပါမှုအခန်းကဏ္ဍ"နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ခဲ့ပြီး လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခြင်းနှင့် မေးခွန်းများ မေးမြန်းဖြေကြားသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တစ်ဦးချင်း လက်ဆောင်ပစ္စည်း၊ အားကစားပစ္စည်းများနှင့် ဂုဏ်ပြုငွေများ ထောက်ပံ့ပေးအပ်ရာ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးအေးခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# သတင်းမီဒီယာသမားများအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၆) ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် နိုင်ငံအတွင်းဖြစ်ပေါ်နေသော အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ သတင်းရယူပြီး ပြည်သူလူထုအနေဖြင့် သတင်းအမှန်များ ပိုမိုသိရှိနိုင်စေရေးအတွက် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၆) ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် တရားဝင်သတင်းဌာနများ၏ သတင်းသမားများအနေဖြင့် သတင်းရယူမှုဆိုင်ရာ သိသင့်သိထိုက်သည့် ဥပဒေများ၊ လိုက်နာရမည့် ကျင့်ဝတ်များ အပါအဝင် အထောက်အကူပြုမည့် အကြောင်းအရာများကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူ သင်တန်းနည်းပြများက ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် တက်ရောက်လိုသည့် သတင်းမီဒီယာသမားများအနေဖြင့် သတင်းမီဒီယာကောင်စီရုံး ဖုန်းနံပါတ် ၀၉ - ၄၄၈၀၂၆၃၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ထွန်း ဦးစီးသည့် အရာထမ်း၊ အမှုထမ်း တပ်ဖွဲ့ဝင်များ၊ ဒုရဲမှူးဝင်းအောင် ဦးစီးသည့် အရာထမ်း၊ အမှုထမ်း တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ရခိုင်ပြည်နယ် ဂွမြို့နယ် ရွာမရပ်ကွက် ညောင်ဝိုင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အမှိုက်သရိုက်နှင့် ချုံပိတ်ပေါင်းများအား ရှင်းလင်းခြင်း၊ ဘုရားစေတီများတွင် တံမြက်စည်းလှည်းခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးတို့ကို စုပေါင်းဆောင်ရွက်ပေးစဉ်။ ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

# အုတ်ဖိုမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်

**အုတ်ဖို စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံမှုအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။




အစည်းအဝေးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းက ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် အထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများက ကာကွယ်ဆေးထိုးမည့် အစီအစဉ်နှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းရာ ဆရာဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ကာကွယ်ဆေးထိုးနှံရာတွင် အထက်တန်း၊ အလယ်တန်းကျောင်းများတွင် စုရပ်ပြုလုပ်ကာ စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ၁-၉-၂၀၁၁ မှ ၃၁-၈-၂၀၁၄ အတွင်း မွေးဖွားသည့် ကျောင်းသူများကိုသာ ထိုးနှံပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားစေတတ်သော HPV ပိုးကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၄၀ တို့က ရွှေဟင်္သာ လယ်ပေါ်ကျောင်းတိုက်အတွင်း ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်အမှိုက်များကောက်ယူခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ ပြည့်ဖြိုးကျော်(ပြန်/ဆက်)

# သန်လျင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**သန်လျင် စက်တင်ဘာ ၁၁**

သန်လျင်မြို့နယ်၌ ဒေသခံတောင်သူများ စိုက်ပျိုးစွမ်းအား မြင့်မားရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သန်လျင်မြို့နယ် ငပကျေးရွာမှ တောင်သူ ဦးတင်ဝင်းအောင်၏ လယ်မြေတွင် ပထမမိုးစပါးရိတ်သိမ်းရာ၌ တစ်ဧက ၉၀ ဒသမ ၁၂ တင်းထွက်ရှိခဲ့ပြီး ယင်းလယ်မြေပေါ်တွင် ဒုတိယမိုးစပါးသီးထပ်ရင်စပါးမျိုးကို စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသသည်။

အဆိုပါကွင်းသရုပ်ပြပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးချစ်ညီညီနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာသုံးရွာမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ သန်လျင်မြို့နယ်၌ ယခုနှစ်တွင် မိုးစပါး ၅၉၄၃၃ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။



**တင်ဝင်းတင်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၀၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၀၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရွှေဘိုခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရန်နှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင် ပြင်ဆင်ထားနိုင်ရန် စမ်းသပ် သန်းခေါင်စာရင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ အတွင်း မုံရွာမြို့နယ်ရှိရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာ ရှစ်ရွာတွင် ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်မတီ အဖွဲ့ဝင်များအနေဖြင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ် တစ်ခုလုံး ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူ၍ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ နှင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက မိမိတို့ ဌာနများအလိုက် ပူးပေါင်း ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက် လာသူများ၏ အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လယ်ဂျာစာရေးအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်နေသော ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ၏ လယ်ဂျာစာရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း(ရုံးချုပ်) မြေညီထပ် စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက လယ်ဂျာစာရင်း ရေးသွင်းခြင်းနှင့် ကွန်ပျူတာဖြင့် ငွေကောက်ခံခြင်းတို့တွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်းနှင့် ငွေကြေးအလွဲသုံးစားမဖြစ်အောင် လျှပ်စစ်ပုံစံများကို စနစ်တကျ ရေးသွင်းကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၁၅ |
| 95 Ron | ၂၄၂၅ | ၂၄၇၅ | ၂၄၇၅ | ၂၄၃၅ | ၂၄၇၅ | ၂၄၉၅ | ၂၄၈၀ | ၂၄၆၀ | ၂၅၆၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၈၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၅ | ၂၇၄၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၅ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၃ | ၂၂၇၀ |
| 95 Ron | ၂၃၀၀ | ၂၃၉၀ |
| HSD (500 ppm) | ၂၄၁၇ | ၂၄၉၅ |
| HSD (50 ppm) | ၂၄၉၁ | ၂၅၇၀ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက လောကထိပ်ပန်ဆုတောင်းပြည့်ဘုရားကြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချစ်ကိုကို ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ဝင်းမင်းစိုး(ပြန်/ဆက်)



# ၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၏ ၂၀၂၃ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ကျင်းပသည်။

ဦးစွာစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဝင် ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဆေးရုံအုပ်ကြီး(ငြိမ်း) ဒေါက်တာ ဒေါ်ခင်မေစုက အဖွဲ့၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးတက္ကသိုလ် "အ"သုံးလုံး ကျောင်းသားဟောင်း ပန်းချီပညာရှင် ဦးကျော်သောင်းက ဂုဏ်ပြုစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က သက်ကြီးစာပေပြုစုထုတ်ဝေမှု မှတ်တမ်းအကျဉ်းစာတမ်းကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - လင်းရာမ**

# ချောင်းသာမြို့၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) စိုက်ပျိုးကြဲပက်ပွဲပြုလုပ်

**ချောင်းသာ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ)မျိုးစေ့ထုတ်ရန်အတွက် မျိုးစေ့စိုက်ပျိုးကြဲပက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မိုင်တိုင် (၃၀/၄) နှင့် (၃၀/၅) ရှိ တောင်သူဦးသန်းဇော်ပိုင် မြေကွက်၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးကြဲပက်ရခြင်း ရည်ရွယ်ချက်နှင့် နောင်နှစ် မိုးစပါးစိုက်ရာသီတွင် သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကို မြေခံအဖြစ် ထည့်သွင်းခြင်းဖြင့် လယ်ယာမြေပြုပြင်ပြောင်းလဲကာ အထွက်နှုန်း တိုးတက်ရရှိရေးအကြောင်းကို ဆွေးနွေးပြောကြားသည်။ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင်နှင့် မြို့အဆင့် ဌာနဆိုင်ရာများက တောင်သူများ လက်ဝယ်သို့ မျိုးစေ့ထုပ်များကို ပေးအပ်ကာ တောင်သူဦးသန်းဇော်ပိုင်မြေဧက ၁ ဒသမ ၅၀ တွင် မြို့အဆင့်ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသည့် ဒေသခံတောင်သူများက ပိုက်ဆံလျှော်မျိုးစေ့များကို စုပေါင်းစိုက်ပျိုးကြဲပက်ခဲ့ကြကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**



# ကျောက်ဆည်ခရိုင်၌ ငှက်ပျောစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



**ကျောက်ဆည် စက်တင်ဘာ ၁၁**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း စပါး၊ ပဲ၊ ပြောင်း သီးနှံများအပြင် ငှက်ပျော သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၅၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧက ၂၅၉၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

ငှက်ပျောတစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၁၅၀၀၀၀၀ ခန့် ကုန်ကျပြီး ငှက်ပျောသီးနှံများ ဈေးကောင်း ရရှိသည့်အတွက် ခရိုင်အတွင်း ငှက်ပျောစိုက်ဧကမှာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ် ငှက်ပျောပေါ်ချိန်တွင် ငှက်ပျော (ဖီးကြမ်း) အခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၂၄၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ရင်းတစ်ဖီးလျှင် ကျပ် ၇၀၀ ဖြင့်လည်းကောင်း၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၄၀၀-၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခုလက်ရှိတွင် ခြံအဟောင်းထွက် ငှက်ပျော (ဖီးကြမ်း) အခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ကျပ် ၄၀၀၀၀၀ ဖြင့်လည်းကောင်း၊ လက်ရင်းတစ်ဖီးလျှင် ကျပ် ၃၀၀၀-၃၅၀၀ ဖြင့်လည်းကောင်း၊ လက်ဖျားတစ်ဖီးလျှင် ကျပ် ၂၀၀၀-၂၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် ငှက်ပျောသီးဈေးနှုန်းများကိုနှိုင်းယှဉ်ပါက ယခုနှစ်တွင် တောင်သူများ ငှက်ပျောသီးဈေးကောင်းရ၍ ငှက်ပျောစိုက်ခင်းများ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။



# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

**မြဝတီ စက်တင်ဘာ ၁၁**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၆ ဒသမ ၄၈၈ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၂၆ ဒသမ ၉၅၂ အမေရိကန်ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၃၃ ဒသမ ၄၄၀ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၂၃၉၀ ဒသမ ၈၀၀ တန်၊ ချုပ်ပြီးအထည် ၉၅၁၃၄ ထည်၊ ငရုတ်သီး(ခြောက်) ၁၄၅ ဒသမ ၄၁၀ တန်၊ ငရုတ်သီး(စိမ်း)(အစို) ၃၇၈ ဒသမ ၂၂၁ တန်၊ ကွမ်းသီး ၄၀၅ ဒသမ ဝ၄၀ တန်၊ နှမ်းဖြူ ၁၄ ဒသမ ၉၆၀ တန်၊ နှမ်းညို တန် ၆၀၊ ဂေါ်ဖီထုပ် ၅၄၂ ဒသမ ၅၀၀ တန်၊ ပြောင်း ၁၂၈၄ ဒသမ ၂၆၀ တန်နှင့် သတ္တုနှင့် သတ္တုရိုင်း တန် ၂၃၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမျိုးမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ လေအေးစက်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆပ်ပြာ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ပုံနှိပ်စက္ကူများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် အခြားစက္ကူတို့ ဖြစ်သည်။

ထိုင်းနိုင်ငံမှ စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်းနှင့် ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

# ရွှေဘိုဈေးကွက်၌ ပဲတီစိမ်းဈေးနှုန်း အနည်းငယ်မြင့်တက်

**ရွှေဘို စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ပဲတီစိမ်းသီးနှံများ ဧပြီလနောက်ဆုံးပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး စက်တင်ဘာလ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၄၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀၊ တန်အားဖြင့် ၂၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာ ဩဂုတ်လ နောက်ဆုံးပတ်နှင့် စက်တင်ဘာလ ပထမပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက စက်တင်ဘာလ ပထမပတ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်း ပိုမိုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရွှေဘိုဈေးကွက်သို့ ပဲတီစိမ်း သီးနှံဝင်ရောက်မှု နည်းပါးသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။



သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

### ၁၁-၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၁၆၀၀၀ | ၇၄၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၀၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၄၉၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၃၀၀ | ၄၈၀၀ | ၈၃၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၁၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၄၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၃၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၁၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၆၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၁၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၅၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၈၄၀၀ | ၉၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ကလေးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ မုံရွာတွင် ၁၀၀ကျပ်၊ မန္တလေးတွင် ၆၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀ကျပ်၊ မကွေးတွင် ၁၃၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ မြိတ်တွင် ၁၀၀ကျပ်၊ ပျဉ်းမနားတွင် ၄၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ တောင်ကြီးနှင့် ထားဝယ်တွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ရန်ကုန်တွင် ၂၀၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ကလေးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ မုံရွာတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကလေးတွင် ၂၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ကလေးတွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၂၅၀ကျပ်၊ မုံရွာတွင် ၆၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးတွင် ၁၅၀၀ကျပ်၊ ကျိုင်းတုံတွင် ၁၀၀ကျပ်၊ ဘားအံတွင် ၅၀၀ကျပ်၊ မြိတ်တွင် ၃၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လှိုင်ကော်တွင် ၅၀၀၀ကျပ်၊ ဘားအံနှင့် မုံရွာတွင် ၁၀၀၀ကျပ်၊ စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်နှင့် စစ်တွေတွင် ၁၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မော်လမြိုင်၊ ရန်ကုန်နှင့် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ပဲခူးတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် ပခုက္ကူတွင် ၁၀၀ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပဲခူးတွင် ၅၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဂမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၁-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
| --- | --- | --- |
| ၆၀၇၃။ | ဦးသိန်းလွင်(ခ)ဦးသိန်းရွှေနှင့်ဇနီး ဒေါ်အေးအေးစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၆၀၇၄။ | ဦးကျော်ဇေယျနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်နန္ဒာဝေဒီ၊ (သား)မောင်ဘုန်းသစ်ထူး၊ (သမီး)မရွှေရည်ပန်းမြတ်သော် Wai De Co.,Ltd၊ Home Galaxy Co.,Ltd မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၆၀၇၅။ | ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်ခိုင် မိသားစုကောင်းမှု | ၃၂၀၀၀၀၀ |
| ၆၀၇၆။ | ဦးမောင်မောင်၊ ဦးပြုံးချိုနှင့်ဇနီး ဒေါ်သန်းသန်းဌေး မိသားစုကောင်းမှု | ၁၄၅၀၀၀၀ |
| ၆၀၇၇။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်စန်းစန်းရင်၊ (ညီမ)ဒေါ်ခင်စန်းဝေ၊ (ရွှေစင်လွင်ရွှေဆိုင်) မိသားစုကောင်းမှု | ၁၄၅၀၀၀၀ |
| ၆၀၇၈။ | ဦးစောသန်းဦးနှင့်ဇနီး (ဒေါ်မြင့်မြင့်ကြည်) (အညာသွေး)မိသားစုကောင်းမှု | ၁၀၀၈၀၀၀ |
| ၆၀၇၉။ | ကွယ်လွန်သွားသောမိဘများအား အမျှထား၍ ဦးစိုးခိုင်ထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်၊ (သားကြီး) အေးမင်းထွန်း၊ (သားငယ်) ဗိုလ်ကြီးမြတ်ခိုင်ထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၀၈၀။ | ဦးသိန်းနိုင်နှင့်ဇနီး ဒေါ်ဖြူဖြူဌေး မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၀၈၁။ | ဦးမြင့်နိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၀၈၂။ | ကွယ်လွန်သူဖခင်ကြီး ဦးယုဟိန်း(ခ)ဦးဘော်လုံး (၁၁) နှစ်ပြည့်အားရည်စူး၍ မိခင်ကြီး ဒေါ်ခင်မြင့်ဝင်း(ခ)ဒေါ်မဲလင်း နှင့် သား၊ သမီး၊ မြေးများကောင်းမှု | ၉၀၀၀၀၀ |
| ၆၀၈၃။ | ဦးသောင်းနှင့်ဇနီး (ဒေါ်ခင်ပို) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၈၄။ | ဘိုးဘွားမိဘများအားအမျှထား၍ ဦးမောင်မောင်သွင်(တိုင်းအင်ဂျင်နီယာ-ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၈၅။ | ကွယ်လွန်သူ ဗိုလ်ကြီးကြည်မင်းသူအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၀၈၆။ | ဦးကြည်မင်းနှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၀၈၇။ | ဦးမြင့်စိန်နှင့်ဇနီး ဒေါ်မာလာကြည်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၀၈၈။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်မာလာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၀၈၉။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်ဖြူဖြူ (သား) မောင်ရွှေဇံအောင်၊ (သမီး) မဟန်ဆုယဉ်၊ (မြေး) မောင်ဇွဲထက်အောင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၀၉၀။ | ဒေါက်တာမင်းဝဏ်နှင့်ဇနီး ဒေါက်တာမင်းမင်းမြင့်သူ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၀၉၁။ | ဒေါ်သန်းသန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၆၀၉၂။ | မယွန်းရွှေမှုံ၊ မောင်ကောင်းမြတ်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၀၉၃။ | ဦးညွန့်လွင်နှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၀၉၄။ | ကွယ်လွန်သူ နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးနေအေးနှင့်ဇနီး ဒေါ်မေဘယ်စန်းမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၀၉၅။ | ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်၊ (ဇနီး) ဒေါ်သန်းရွှေ (သား) ကိုကျော်ကျော်ဦးတို့အားရည်စူး၍ ဦးမောင်မောင်ဦး၊ (သမီး) မလဲ့လဲ့ဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၉၆။ | ကွယ်လွန်သူဖခင်ကြီး ဦးအောင်တင်နှင့် မိခင်ကြီး ဒေါ်နှင်းရွှေတို့အားရည်စူး၍ ဦးသက်လွင်အောင် နှင့်ဇနီး ဒေါ်နီနီဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၉၇။ | ကွယ်လွန်သူ မောင်အောင်ကျော်ခိုင်အားရည်စူး၍ ဦးကျော်လှနှင့်ဇနီး ဒေါ်အေးမြနုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၀၉၈။ | ဦးချစ်လှိုင်နှင့်ဇနီး ဒေါ်ကျင်မြိုင်အားရည်စူး၍ (သီရိဂေဟာ)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
